ကြေးမုံ
The Mirror

၁၃၆၉ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၁ ရက်၊ တနင်္ဂနွေနေ့၊ (6-4-2008) (၅၆၄၅)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
❁ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး ❁ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး ❁ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး ❁ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	❁ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး ❁ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး ❁ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး ❁ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	❁ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး ❁ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး ❁ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး ❁ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အခြေခံဥပဒေမူကြမ်းမှာ လူတစ်ဦး၊ ပါတီတစ်ဖွဲ့၊ အဖွဲ့အစည်းတစ်ခု အကျိုးအတွက် ရေးဆွဲထားခြင်း မဟုတ် နိုင်ငံတော် တည်တံ့ခိုင်မြဲရေးနှင့် တိုင်းရင်းသားအားလုံး၏ အကျိုးစီးပွားများ ဖော်ဆောင်ပေးနိုင်ရန် ရေးဆွဲထား

ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည်ဆိုသည့် ခံယူချက်ဖြင့် မည်သည့်အဖျက်အဆီး အနှောင့်အယှက်များကိုမှ နားမယောင်ဘဲ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဖြင့် ကျရာအခန်းမှပါဝင်

နေပြည်တော် ဧပြီ ၅

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေး၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံးညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ဧပြီ ၄ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှတစ်ဆင့် တပ်မတော်ရဟတ်ယာဉ်များဖြင့် ကရင်ပြည်နယ် ဘားအံမြို့သို့ ထွက်ခွာရာ နံနက် ၉ နာရီ ၄၅ မိနစ်တွင် ဘားအံမြို့သို့ ရောက်ရှိသည်။

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်း၊ ဘားအံတပ်နယ်မှ ဗိုလ်မှူးချုပ် ထွန်းနေလင်းနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် နည်းပညာတက္ကသိုလ်(ဘားအံ)နှင့် ကွန်ပျူတာတက္ကသိုလ်(ဘားအံ)တို့မှ ကျောင်းအုပ်ကြီးများနှင့် ဆရာ၊ ဆရာမများအား လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။ (သတင်းစဉ်)

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ဘားအံမြို့ ဗွဲကပင်ခန်းမ၌ ကရင်ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

တွေ့ဆုံပွဲတွင် ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမောင်မောင်က ပြည်နယ်၏ ဖွဲ့စည်းမှု၊ မြေအသုံးချမှု၊ ဆန်စပါး၊ အမယ်သစ်သီးနှံနှင့် နှစ်ရှည်သီးနှံများ စိုက်ပျိုးပြီးစီးမှု၊ ၂၀၀၇-၂၀၀၈ ခုနှစ် ဆန်၊ ဆီ ဖူလုံမှု၊ ငါး၊ ပုစွန်၊ ကြက်မွေးမြူရေး၊ မြစ်ရေတင်စီမံကိန်းများ၊ လမ်းများ၊ ဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ၊ ကျေးရွာချင်းဆက်လမ်း၊ တံတားများ၊ ကျေးလက်

စာမျက်နှာ စကော်လံ ၁သို့ ❑

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

(၆-၄-၂၀၀၈)
တနင်္ဂနွေနေ့

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေး အလေးထား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ကြပ်မတ်ဆောင်ရွက်

လူနေစည်ကားများပြားသည့် မြို့ကြီးများတွင် နေ့စဉ်သွားလာလျက်ရှိသည့် ခရီးသွားပြည်သူများ ယာဉ်အန္တရာယ် ကင်းရှင်းစွာ သွားလာနိုင်ရန် လိုအပ်သည်။

၂၀၀၇ ခုနှစ်အတွင်းက ယာဉ်တိုက်မှုပေါင်း ကိုးရာကျော်ဖြစ်ပွားခဲ့ရာ လူတစ်ရာကျော် သေဆုံးပြီး ၁၅၀၀ ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ နှစ်စဉ်ဖြစ်ပွားသော ယာဉ်တိုက်မှုများတွင် ယာဉ်မောင်းသူများ၏ မဆင်မခြင် မောင်းနှင်မှုများကြောင့် အများဆုံးဖြစ်ပွားလေ့ရှိပြီး လမ်းဖြတ်ကူးသူများ၏ ပေါ့ဆမှုနှင့် ယာဉ်၏ စက်ကိရိယာပိုင်း ချို့ယွင်းအားနည်းချက်များကြောင့်လည်း ဖြစ်ပေါ်ကြောင်း တွေ့ရသည်။

၂၀၀၈ခု နှစ်ဦးပိုင်းက မြို့နယ်အချို့၌ ဖြစ်ပွားသော ယာဉ်တိုက်မှုများတွင် ခရီးသည်တင်ယာဉ်နှစ်စီး မျက်နှာချင်းဆိုင် တိုက်မိ၍ ခရီးသည်များ သေကျေထိခိုက် ဒဏ်ရာရရှိခြင်းများ၊ မိုင်နှုန်းမြင့်မောင်းနှင်မှုကြောင့် ယာဉ်မောင်းသူများ ကိုယ်တိုင်သေဆုံးခဲ့ရမှုများ ကြုံတွေ့ခဲ့ကြရသည်။

သက်ဆိုင်ရာဌာနတို့က ယာဉ်စည်းကမ်းထိန်းသိမ်းရေး၊ ယာဉ်တိုက်မှုများ လျော့နည်းကျဆင်းစေရေးအတွက် စစ်ဆေးပညာပေးမှုများ ပြုလုပ်လျက်ရှိသော်လည်း ယာဉ်မောင်းသူအချို့၏ စည်းကမ်းမဲ့ မဆင်မခြင် မောင်းနှင်နေမှုကြောင့် ယာဉ်တိုက်မှုများ ဖြစ်ပွားနေဆဲဖြစ်သည်။ အထူးသဖြင့် ကိုယ်ပိုင်ယာဉ်များတိုက်မှု ပိုမိုဖြစ်ပွားကြောင်းသိရသည်။

မော်တော်ယာဉ်မောင်းတိုင်း စည်းကမ်းနှင့်အညီ မောင်းနှင်ရေး၊ ခရီးသွားပြည်သူများ လူကူးမျဉ်းကျားနှင့် လူကူးခုံးကျော်တံတားတို့မှ လမ်းဖြတ်ကူးရေး အသိပညာပေးမှုများ ပိုမိုပြုလုပ်ကြရန် လိုအပ်မည်ဖြစ်သည်။ ထို့အတူ အဓိကလမ်းမကြီးများတစ်လျှောက် ယာဉ်ကြောရှုပ်ထွေးမှု၊ ယာဉ်ကြောပိတ်ဆို့မှုများ လျော့နည်းရေး၊ အဆိုပါလမ်းမကြီးများ၏ လူသွားစင်္ကြံများပေါ်တွင် ခရီးသွားပြည်သူများ လွယ်ကူစွာ သွားလာနိုင်ရေးတို့အတွက် ဆက်လက်ကြပ်မတ် ဆောင်ရွက်ကြရမည်ဖြစ်သည်။

သက်ဆိုင်ရာတို့က ယာဉ်စည်းကမ်း ထိန်းသိမ်းရေးလုပ်ငန်းများကို စနစ်တကျ ကြပ်မတ်ဆောင်ရွက်ခြင်း၊ မော်တော်ယာဉ်မောင်းများ၊ ခရီးသွားပြည်သူများနှင့် အနေးယာဉ်များကလည်း သတ်မှတ်ထားသည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့်အညီ အလေးထားလိုက်နာကြခြင်းတို့ဖြင့် ပြည်သူတိုင်း ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ကြမည် ဖြစ်ပါသည်။ ။

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ (၇၁)နှစ်မြောက် အထိမ်းအမှတ် အခမ်းအနား ကျင်းပ

နေပြည်တော် ဧပြီ ၅

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ (၇၁)နှစ်မြောက် အထိမ်းအမှတ် အခမ်းအနားကို ဧပြီ ၄ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ စုပေါင်းခန်းမ၌ ကျင်းပရာ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး နိုင်ငံတော်က ချီးမြှင့်သော စီမံထူးချွန်(တတိယဆင့်)ရရှိသူများအား ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များက ဝန်ထမ်းကျင့်ဝတ်စာမေးပွဲတွင် ဆုရရှိသူများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်များ၌ ဖွင့်လှစ်သည့် သင်တန်းများတွင် ထူးချွန်ဆုရရှိသူများနှင့် ဝန်ထမ်းမိသားစုများ၏ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်၊ အဖွဲ့ဝင်များနှင့် ဧည့်သည်တော်များက ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ (၇၁)နှစ်မြောက် အထိမ်းအမှတ်အခမ်းအနား ဓာတ်ပုံပြပွဲတွင် ခင်းကျင်းပြသထားမှုများကို လှည့်လည်ကြည့်ရှုကြသည်။ **(အပေါ်ပုံ)** (သတင်းစဉ်)

အရှင်စန္ဒသာရ (ကျောင်းကုန်း) တရားပွဲများ

ရန်ကုန် ဧပြီ ၅

ဧရာဝတီတိုင်း ကျောင်းကုန်းမြို့ ဒက္ခိဏာရာမ ရွှေကျင်ပရိယတ္တိစာသင်တိုက်မှ မိုးကုတ်ဝိပဿနာကမ္မဋ္ဌာနာစရိယနယ်လှည့်သာသနာပြု ဓမ္မကထိက ဓမ္မာစရိယ ဆရာတော်အရှင်စန္ဒသာရ(ကျောင်းကုန်း) အရှင်မြတ်သည် ဧပြီ ၄ရက်ည ကျုံပျော်မြို့ ဂယက်ရှည် အထူးဓမ္မသဘင်၊ ၅ ရက်ည ပန်းတနော်မြို့ ကပိုင်စာအောင်သံဃာဂုဏ်ပြုပူဇော်ပွဲ ဓမ္မသဘင်၊ ၆ ရက်ည ကျောင်းကုန်းမြို့ ကွင်းကြီးအထူးဓမ္မသဘင်၊ ၇ရက်ညရန်ကုန်မြို့ ဒေါပုံ ဗုဒ္ဓဝေယျာဝစ္စလူငယ်များ၏ အထူးဓမ္မသဘင်၊ ၈ ရက် ည ဖျာပုံမြို့ ချောင်းတွင်းရဟန်းခံရှင်ပြုအလှူတော်ဓမ္မသဘင်၊ ၉ရက်ည ကျောင်းကုန်းမြို့ ဇရပ်ကွင်း အထူးဓမ္မသဘင်၊ ၁၀ရက်ည ဒလမြို့ ဓနုတ်စံပြ အထူးဓမ္မသဘင်၊ ၁၁ရက်မှ ၂၀ရက်အထိ ကြည့်မြင်တိုင်မြို့နယ် အဖွဲ့ခွဲ ၁၈၁-သုခါဝါသ မိုးကုတ် ဓမ္မရိပ်သာ သင်္ကြန်တွင်း ၁၀ ရက် အထူးတရားစခန်းပွဲတို့တွင် ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ် သစ္စာလေးပါး တရားတော်များကို ဟောကြားမည်ဖြစ်ကြောင်းသိရသည်။ (က-ပ)

သစ္စာဒီပကဝိပဿနာအဖွဲ့ချုပ် မဟာသင်္ကြန် ခုနစ်ရက် တရားစခန်းပွဲ

ရန်ကုန် ဧပြီ ၅

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် မင်းကျောင်းလမ်းရှိ သစ္စာဒီပက ဝိပဿနာအဖွဲ့ချုပ်၊ တရားပြဌာန ဓမ္မာရုံတော်ကြီးတွင် (၇၂)ကြိမ်မြောက် မဟာသင်္ကြန် ခုနစ်ရက် တရားစခန်းပွဲကြီးကို အာဒိကမ္မိက ကမ္မဋ္ဌာနာစရိယ မူလဓမ္မာစရိယ ကျေးဇူးရှင်ဆရာကြီး ဦးကြည်၏ ဥပနိဿယအတိုင်း မဟာသတိပဋ္ဌာန်ဓမ္မာနုပဿနာတရားတော်များအား ဆရာကြီး၏ အန္တေဝါသိကလက်ရင်းတပည့်ကြီးဖြစ်သော ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ ဆရာဦးသိန်းဆွေ(ဓနုဖြူ)နှင့် အရန်တရားဟော ဓမ္မကထိကများ ဖြစ်သော နာယက ဦးထွန်းလွင်၊ ဆရာဦးမြင့်သန်း၊ ဆရာဦးသန်းဝေတို့က ဧပြီ ၁၂ ရက်မှ ၁၈ရက်အထိ ခုနစ်ရက်တိုင် ဟောကြားပြသမည်ဖြစ်ပါ၍ တရားစခန်းဝင်လိုသူယောဂီများသည် ဧပြီ ၁၁ရက်ညနေ ၅ နာရီ အရောက် ဝင်ရောက်ကြရမည် ဖြစ်သည်။

အသေးစိတ်သိလိုပါက နာယကဦးအေးကို ဖုန်း-၀၁-၆၆၂၈၀၁၊ ၀၁-၆၆၀၀၀၆၊ ဥက္ကဋ္ဌ ဦးကျော်ဦး ဖုန်း-၀၉၉၉၂၀၆၁၇၊ ဒုတိယဥက္ကဋ္ဌ ဦးနိုင်အောင်ဖုန်း-၀၁-၆၆၂၈၅၀၊ပြန်ကြားရေးနှင့်ဘဏ္ဍာရေးမှူးဦးသန်း ဖုန်း-၀၉၉၉၂၅၅၀၅ နှင့် တွဲဖက် ဘဏ္ဍာရေးမှူး ဦးအေးကြည် ဖုန်း-၀၉-၈၀၃၂၂၇၉ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။ (က-ပ)

Mo. Asia Co.,Ltd (Dumex)မှ ဒေါက်တာ ဒေါ်ဖြူတီကြည်နှင့် အဖွဲ့က ဧပြီ၂ ရက်က ရန်ကုန်မြို့ မြောက်ဥက္ကလာပ အထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီးတွင် တက်ရောက်ကုသနေသော လူနာများအတွက် ငွေကျပ်ခြောက်သိန်းတန်ဖိုးရှိ (Dumex) နို့မှုန့် ၈၄ ထုပ်ကို လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဦးချစ်ကိုတင် လက်ခံယူစဉ်။ (ကြေးမုံ)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်းဝင်းအတွင်း သံဃသုခသုံးထပ်ကျောင်းဆောင်နှင့် အခြားသောသာသနိကအဆောက်အအုံများဆောက်လုပ်ရန်ကွယ်လွန်သူ မိခင် ဒေါ်အေးသန်းအားရည်စူး၍ ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ပြည်လမ်းအနော်ရထာအိမ်ရာနေ ဦးထင်အောင်ကျော်-ဒေါ်တင်မာချိုမိသားစုက အလှူငွေကျပ်နှစ်သိန်းကိုရန်ကုန်တိုင်းစမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်းအမှုဆောင်ဆရာတော် (ဆိပ်ဖြူ) အရှင်ကုမာရ (M.A)(Thesis) (မဟာဓမ္မာစရိယ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ကြို့ကုန်းအနောက်ရပ်ကွက် မိုးကုတ်တရားစခန်း

ရန်ကုန် ဧပြီ ၅

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း အင်းစိန်မြို့နယ် ကြို့ကုန်းအနောက် ပေါ်တော်မူကျောင်းတိုက် မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ (၁၃၃)တွင် သာသနာပြု နယ်လှည့် ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ ဆရာတော် အရှင်ဣန္ဒာစရိယ (ဓမ္မာစရိယ) သည် တရားစခန်းဝင်ယောဂီများအားဧပြီ ၂ရက်မှ၁၈ရက်အထိ ပဋိစ္စသမုပ္ပါဒ် တရားဒေသနာတော်များကို ဟောကြားချီးမြှင့်မည်ဖြစ်သည်။ တရားစခန်းဝင် ယောဂီများသည် ဝေယျာဝစ္စ အလှူငွေကျပ် ၃၀၀၀ ပေးသွင်းရမည်ဖြစ်ပြီး ကြို့ကုန်းအနောက် ခဝဲခြံ(၂)လမ်း မိုးကုတ်အဖွဲ့ခွဲ(၁၃၃)ပေါ်တော်မူကျောင်းတိုက်သို့ ဧပြီ ၁၁ ရက်တွင် မိမိတို့အသုံးအဆောင် ပစ္စည်းများနှင့်အတူ လာရောက်ရမည်ဖြစ်သည်။ (က-ပ)

ပေးအပ် လှူဒါန်း

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ဗဟန်းမြို့နယ် ဆရာစံတောင်ရပ်ကွက် မင်းလမ်းနေ နှစ်ဖက်သော မိဘများကို ရည်စူး၍ ဦးဘုန်းကျော်-ဒေါ်ခင်မြမော်၊ သမီးချိုနွယ်ဇင်၊ သား မောင်ဝင်းမော်အောင်၊ သမီး မအိမြတ်မွန် မိသားစုက ငွေကျပ် ၁၀၀၀၀၀ကို အတွင်းရေးမှူး ဦးစိုးမြတ်အောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း

စစ်ကိုင်းခရိုင်နှင့် စစ်ကိုင်းမြို့နယ်တို့မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ များနှင့် တွေ့ဆုံ

နေပြည်တော် ဧပြီ ၅

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဧပြီ ၄ ရက် မွန်းလွဲ ၂ နာရီတွင် စစ်ကိုင်းမြို့ မြို့တော်ခန်းမ၌ စစ်ကိုင်းခရိုင်နှင့် စစ်ကိုင်းမြို့နယ်တို့အတွင်းရှိ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ စစ်ကိုင်းခရိုင်နှင့် စစ်ကိုင်းမြို့နယ်တို့မှ ခရိုင်အဆင့်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ စုစုပေါင်း ၇၀၀ တို့ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် "ဒေသတစ်ခု၊ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် နိုင်ငံ့ဝန်ထမ်း စသည့် ပင်နယ်ကြီးသုံးခု၏ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်မှုအပေါ်၌ မူတည်ကြောင်း၊ နိုင်ငံတော် အစိုးရက ချမှတ်ပေးသည့် မှန်ကန်သင့်မြတ်သော မူဝါဒနှင့် အစီအမံများကို လက်တွေ့အကောင်အထည် ဖော်ဆောင်ကြရာတွင် ပြည်သူများက မိမိတို့အကျိုးနှင့်ယှဉ်တွဲလျက် တက်ညီလက်ညီ ပူးပေါင်း ဆောင်ရွက်ကြရကြောင်း၊ ဤသို့ ပြည်သူတစ်ရပ်လုံးက မှန်ကန်သောခံယူချက်ဖြင့် ပူးပေါင်းပါဝင်လာအောင် စည်းရုံးဆောင်ရွက်ရန်သည် နိုင်ငံ့ဝန်ထမ်းများ၏ အခန်းကဏ္ဍပင်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများသည် အစိုးရနှင့် ပြည်သူအကြား ပေါင်းကူးဆောင်ရွက်ပေးရသည့် အဓိကကျသော အစိုးရအဖွဲ့အစည်းဖြစ်ကြောင်း၊ ယနေ့နိုင်ငံတစ်ဝန်း ဖွံ့ဖြိုးတိုးတက်မှုများသည် နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် နိုင်ငံ့ဝန်ထမ်းများ၏ တက်ညီလက်ညီ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်မှုများ၏ ပြယုဂ်ပင်ဖြစ်ကြောင်း၊ ယခုအခါ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ လမ်းပန်းဆက်သွယ်ရေး၊ ကျန်းမာရေး၊ ပညာရေး စသည့် ကဏ္ဍအသီးသီးတို့တွင် ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကို ပြည်သူအားလုံး လက်တွေ့ခံစားနေကြရပြီဖြစ်ကြောင်း၊ ဤတိုးတက်မှုရလဒ်များသည် အခက်အခဲ၊ အပိတ်အဆို့၊ အနှောင့်အယှက်မျိုးစုံကြားထဲမှ ခက်ခက်ခဲခဲ အကောင်အထည်ဖော်ရရှိခဲ့သောရလဒ်များဖြစ်ကြောင်း။

ယနေ့ပြည်သူတစ်ရပ်လုံး၏အခြေခံလိုလားချက် သုံးချက်ရှိကြောင်း၊ ပြည်သူတစ်ရပ်လုံးသည် တည်ငြိမ်အေးချမ်းမှုကို လိုလားကြောင်း၊ တစ်ဦးတစ်ယောက်၊ တစ်မိသားစုမှစ၍ တစ်နိုင်ငံလုံး ဖွံ့ဖြိုးတိုးတက်မှုကို လိုလားကြောင်း၊ ဥပဒေ၏ အရိပ်အာဝါသအောက်တွင် လူတိုင်း လွတ်လပ်စွာ နေထိုင်၍ အသက်မွေးဝမ်းကျောင်းပြုလိုပါကြောင်း၊ ဤအခြေခံလိုလားချက်(၃)ချက် ပြည့်ဝအောင်မြင်ပြီး ပြည်သူတစ်ရပ်လုံး လိုလားတောင့်တလျက်ရှိသော ဒီမိုကရေစီနိုင်ငံတော်သစ်ဖော်ဆောင်ရန် နိုင်ငံတော်အစိုးရက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် မည်သည့်ခေတ်ကာလနှင့်မျှ မတူသည့် ဖွံ့ဖြိုးတိုးတက်မှုများကို လက်တွေ့ခံစားနေကြရပြီဖြစ်ကြောင်း။

သို့ဖြစ်၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုများ ဆက်လက် တည်တံ့ဖြစ်ထွန်းစေရန်အတွက် ရှေ့ဆက်ဆောင်ရွက်ကြရမည့် လုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရနှင့်အတူ နိုင်ငံ့ဝန်ထမ်းများ၏ မှန်ကန်သော စည်းရုံးပေါင်း ကူးပေးမှုဖြင့် ပြည်သူတစ်ရပ်လုံး ဝိုင်းဝန်းလက်တွဲဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ ထို့အပြင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို နည်းအမျိုးမျိုးဖြင့် ဖျက်လိုဖျက်ဆီးပြုလုပ်နေကြသော ပြည်တွင်းပြည်ပ အဖျက်ရန်များနှင့် နယ်ချဲ့လက်သစ်တို့၏ ပရိယာယ်ကိုလည်း အစဉ်သတိပြုကြရန်လိုကြောင်းဖြင့် အကျယ်တဝင့် ဆွေးနွေးမှာကြားသွားသည်။ ထို့နောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီးသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ (သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း စစ်ကိုင်းခရိုင်နှင့် စစ်ကိုင်းမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များမှတာဝန်ရှိသူများအား အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

မိုးကုတ်ဝိပဿနာ တရားစခန်းပွဲ

ရန်ကုန် ဧပြီ ၅

တနင်္သာရီတိုင်း ထားဝယ်မြို့နယ် ရှင်မုတ္ထီးကျေးရွာ ရွှေဟင်္သာတောရရိပ်သာတွင် ဧပြီ ၁၁ ရက်မှ ၁၇ရက်အထိ ခုနစ်ရက်၊ ဧပြီ ၁၇ ရက် ညနေ ၅နာရီတွင် ရှင်မုတ္ထီးဘုရားအတွင်း၌လည်းကောင်း၊ ည ၇ နာရီတွင် ထားဝယ်မြို့နယ် ကမ္ဘောကင်းကျောင်းတိုက်ကြီးအတွင်း၌ လည်းကောင်း၊ ရန်ကုန်မြို့ သစ္စာပုလဲ မိုးကုတ်ဝိပဿနာ ဆရာတော် ဦးဥတ္တမက မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း သစ္စာလေးပါး တရားတော်များကို ညစဉ်ဟောကြားမည်ဖြစ်ပါ၍ တရားစခန်းပွဲသို့ တရားဝင်လိုသော ယောဂီများသည် ထားဝယ်မြို့ စိုင်းအားကစားဝတ်စုံ ချုပ်လုပ်ရေး ဖုန်း- ၀၅၉-၂၁၆၄၄ သို့ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

ကုန်းတလပေါင် ဓမ္မသဘင်

ရန်ကုန် ဧပြီ ၅

မင်္ဂလာဒုံကုန်းတလပေါင် ဓမ္မသီဂိ ပျော်ဘွယ်သာသနာ့ရိပ်သာ၏ ပဓာနနာယက၊ ဂန္ထဝါစကပဏ္ဍိတ၊ သဒ္ဓမ္မဇောတိကဓဇ ပျော်ဘွယ် အရှင်ဝိသုဒ္ဓရံသီသည် ဧပြီ ၁၀ ရက်နှင့် ၁၁ ရက် ညများတွင် မင်္ဂလာဒုံမြို့နယ် ကုန်းတလပေါင် စံပြကျေးရွာရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ဂေါပကအဖွဲ့နှင့် လူငယ်အဖွဲ့တို့က ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးရှေ့ လမ်းမကြီးပေါ်တွင် ကျင်းပမည့် သင်္ကြန်အကြိုတရားပွဲများကို ဟောကြားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (က-ပ)

M&M Gano Trading Co., Ltd. - Gano Excel Myanmar ၏ ၂၀၀၇-၂၀၀၈ ခုနှစ် ပဉ္စမအကြိမ်မြောက်နှစ်ပတ်လည်ဂုဏ်ပြုပွဲအခမ်းအနားတွင် Gano Excel Myanmar မန်နေဂျင်းဒါရိုက်တာ ဒေါ်နွယ်နွယ်စိုး အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၆-၄-၂၀၀၈ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၆။ မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ မြန်မာသင်္ကြန်
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၂။ ပြီးပါပြီ။

နေ့လယ်ပိုင်း

- ၁၂း၀၀ ၁။ မြဝတီအဖွင့်
- ၁၂း၀၅ ၂။ အဖွင့်သီချင်း
- ၁၂း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၂း၂၀ ၄။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၁၂း၃၀ ၅။ **မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် ဟော်တည်ဆည်းဆာ**
- ၁း၅၀ ၆။ အမျိုးသားရေးတေးကဗျာ
- ၁း၅၅ ၇။ အပိတ်နှုတ်ဆက်စကား
- ၂း၀၀ ၈။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄း၁၅ ၄။ ချိုမြလက်သံ ငြိမ့်ညောင်းဟန်
- ၄း၂၀ ၅။ မြန်မာသံစဉ် ချိုနားဝင်
- ၄း၃၀ ၆။ မြန်မာသင်္ကြန်
- ၄း၄၅ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၀၀ ၈။ သံစဉ်များနှင့်ကမ္ဘာ
- ၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၁။ မြန်မာသင်္ကြန်
- ၆း၃၀ ၁၂။ အမျိုးသားရေး တေးကဗျာ
- ၆း၃၅ ၁၃။ အံ့သြဖွယ်ရာ ဆပ်ကပ်ပညာ
- ၆း၄၅ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇း၀၀ ၁၅။ **ရသစုံ လင် ရုပ်မြင်ဇာတ်လမ်း - ရာဇဝင်တွင်တဲ့ သူ့ရဲကောင်း (အပိုင်း-၅၁)**
- ၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြား သတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ ပဟေဠိနန်းတော်
- ၂၀။ ကျန်းမာသုတ
- ၂၁။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၂။ FA CUP ဘောလုံးပွဲ Bansley Vs Cardiff City
- ၂၃။ သင့်အတွက်မနက်ဖြန်
- ၂၄။ အပိတ်နှုတ်ဆက်စကား
- ၂၅။ ပြီးပါပြီ။

Gano Excel Myanmar ၏ ၂၀၀၇-၂၀၀၈ ခုနှစ် ပဉ္စမအကြိမ်မြောက် နှစ်ပတ်လည်ဂုဏ်ပြုပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဧပြီ ၅

M&M Gano Trading Co,Ltd- Gano Excel Myanmar ၏ ၂၀၀၇-၂၀၀၈ ခုနှစ် ပဉ္စမအကြိမ်မြောက် နှစ်ပတ်လည် ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့ညနေ ၆ နာရီတွင် ရန်ကုန်မြို့ရှိ Chatrium Hotel Yangon၌ ကျင်းပရာ Gano Excel မှ Chief Executive Officer Mr. Lew Soon Kiak က နှုတ်ခွန်းဆက်စကားပြောကြားပြီး Gano Excel Myanmar မန်နေဂျင်းဒါရိုက်တာဒေါ်နွယ်နွယ်စိုးက အဖွင့်အမှာစကား ပြောကြားသည်။

ဆုများချီးမြှင့်

ထို့နောက် Gano Excel မှ Chief Executive Officer Mr. Lew Soon Kiak နှင့် မန်နေဂျင်းဒါရိုက်တာ ဒေါ်နွယ်နွယ်စိုးတို့က Ruby Director ၁၅၄ ဦး၊ Pearl Director ၄၆ ဦး၊ Emerald Director ၁၁ ဦး၊ Diamond Director ၁၂ ဦး၊ Silver Diamond Director သုံးဦး၊ Gold Diamond Director နှစ်ဦးနှင့် Crown Diamond Director တစ်ဦးတို့အား ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ဆုများချီးမြှင့်ကြသည်။

ဧည့်ခံဖျော်ဖြေ

ဆက်လက်၍ Gano Excel Myanmar မှ နှစ်ပတ်လည်ဂုဏ်ပြုပွဲသို့ တက်ရောက်လာကြသူများအား ကံစမ်းမဲအစီအစဉ်များနှင့် ဖျော်ဖြေရေး အစီအစဉ်များဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

ယင်းနောက် Gano Excel Myanmar မန်နေဂျင်း ဒါရိုက်တာ ဒေါ်နွယ်နွယ်စိုးက ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

တိုကျိုမြို့တွင် ငလျင်ကြီး လှုပ်လာလျှင် ထွက်ပြေးသူများ လမ်းတွင်ပိတ်မိ၍ အခက်အခဲများတွေ့နိုင်

တိုကျို ဧပြီ ၄

အကယ်၍သာ ဂျပန်နိုင်ငံ တိုကျိုတွင် နေ့ပိုင်း၌ မြေငလျင်ကြီးလှုပ်လျှင် လူပေါင်း ၁၂ သန်းတို့သည် ခြေလျင် ထွက်ပြေးရန် ကြိုးစားကြမည်ဖြစ်သည်။ ထိုအခါ လမ်းများပေါ်တွင် လူများပြွတ်သိပ်နေပြီး ပိတ်ဆို့ရှုပ်ထွေးမှုများ ဖြစ်ပေါ်လာမည်ဟု အစိုးရပိုင်းသတင်းရပ်ကွက်က ပြောကြားသည်။

ထိုအခြေအနေတွင် တိုကျိုမြို့၏ သယ်ယူပို့ဆောင်ရေး စနစ်သည် လည်ပတ်မှု ရပ်ဆိုင်းသွားမည် ဖြစ်သည်။

သို့ဖြစ်၍ လူအများသည် ခြေထောက်ကိုသာ အားကိုး၍ နေအိမ်သို့ ပြန်ရန် နည်းလမ်းကိုသာ ရွေးကြရမည်။ ထိုအခါ လမ်းအကျယ် တစ်စတုရန်းမီတာလျှင် လူခြောက်ဦး ကျော် အထိ ပြည့်ကျပ်နေနိုင်သည်ဟု လေ့လာစိစစ်မှုများက ဖော်ပြသည်။

ဂျပန်နိုင်ငံသည် မြေငလျင် လှုပ်ရှားမှုများသော မြေကြောပေါ်တွင် တည်ရှိနေသည့်အတွက် မကြာခဏ မြေငလျင်များ လှုပ်လေ့ရှိသည်။ ၁၉၂၃ခုနှစ် တိုကျိုမြေငလျင်ကြီး လှုပ်ရှားစဉ်က မြို့သူ မြို့သားပေါင်း ၁၄၀၀၀၀ အထိ သေဆုံးခဲ့ရသည်။ ငလျင်ကြီးကြောင့် အဆောက်အအုံများ ပြိုကျရသည်သာမက မီးလောင်မှုများလည်း တစ်ပါတည်း ဖြစ်ပွားလာတတ်သည်။

ဖော်ပြပါ အခြေအနေများကြောင့် အနာဂတ်တွင် မြေငလျင်ကြီး လှုပ်လာလျှင် ဘေးအန္တရာယ် အနည်းပါးဆုံးနှင့် အထိအခိုက် လျော့ပါးသွားစေရန် ကျောင်းနှင့် ကုမ္ပဏီ အဆောက်အအုံများတွင် စားရေရိက္ခာများ သိုလှောင်ထားမှု ပြုလုပ်သင့်သည်ဟု အကြံပြုထားသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်နိုင်ငံ ဘာဆာရာမြို့၌ အယ်လ်ဆာဒါးကို ထောက်ခံသူများက ဧပြီ၄ရက်တွင်ကန့်ကွက်ဆန္ဒပြနေကြစဉ်။
(ဓာတ်ပုံ-အင်တာနက်)

တောင်ကိုရီးယားအနောက်တောင်ပိုင်း၌ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွား

ဆိုးလ် ဧပြီ ၄

တောင်ကိုရီးယားနိုင်ငံအနောက်တောင်ပိုင်း ဂျယ်လာဘတ်ဒိုပြည်နယ်ရှိ ကြက်ခြံတစ်ခု၌ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားမှုကို ရှာဖွေတွေ့ရှိကြောင်း အာဏာပိုင်အဖွဲ့က ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

ဆိုးလ်မြို့အနောက်တောင်ဘက် ကီလိုမီတာ ၂၆၀ အကွာ ဂင်ဂျီမြို့ရှိ ကြက်ခြံ၌ ကြက်သေများကို စမ်းသပ်စစ်ဆေးရာ ကြက်ငှက်တုပ်ကွေး ဗိုင်းရပ်စ်ပိုး တွေ့ရှိကြောင်း အာဏာပိုင်အဖွဲ့က ပြောကြားသည်။

ပြီးခဲ့သည့် မတ်လက ကြက်ခြံ၌ ကြက် ၁၅၀၀၀ ခန့် သေဆုံးနေကြောင်း ကြက်ခြံပိုင်ရှင်က မတ် ၃၁ ရက်တွင် အာဏာပိုင်များသို့ အကြောင်းကြားခဲ့သည်။

တောင်ကိုရီးယားအာဏာပိုင်များက ရောဂါကူးစက်ပြန့်ပွားမှု မရှိစေရန် ရောဂါဖြစ်ပွားသည့် ကြက်ခြံမှ ကြက်များနှင့် ကြက်ဥများကိုလည်းကောင်း ယင်းကြက်ခြံအနီးဝန်းကျင်ရှိ ကြက်ခြံ ၁၂ ခြံမှ ကြက်များနှင့် ကြက်ဥများကို လည်းကောင်း အခြားဒေသများသို့ ပို့ဆောင်ခြင်းမပြုရန် တားမြစ်ခဲ့သည်။ ကိုရီးယားနိုင်ငံတွင် ၂၀၀၇ခုနှစ်မတ်လက ကြက်ငှက်တုပ်ကွေးရောဂါ နောက်ဆုံးဖြစ်ပွားခဲ့သည်ဟု ဖော်ပြသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

တောင်ကိုရီးယားနိုင်ငံ ဂင်ဂျီအရပ်တွင် ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားသဖြင့် တိရစ္ဆာန်များ ဖြတ်သန်းသယ်ဆောင်မှုကို ဧပြီ ၄ရက်က စစ်ဆေးရေးဂိတ်များ၌ ရှာဖွေစစ်ဆေးစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီရန်နိုင်ငံတွင် မူးယစ်မှောင်ခိုသူ ၁၂ ဦး သေဆုံး

တီဟီရန် ဧပြီ ၄

အီရန်နိုင်ငံနှင့် အာဖဂန်နစ္စတန်နိုင်ငံ နယ်စပ်ဒေသ၌ သီးခြား စစ်ဆင်ရေး နှစ်ခုပြုလုပ်ရာ မူးယစ်ဆေးဝါးကီလို ၅၀၀ မှောင်ခိုခိုးထုတ်ရန် ကြိုးပမ်းသူ အီရန်နိုင်ငံသား၁၂ ဦးကို အသေဖမ်းမိကြောင်း အာဖဂန်နစ္စတန်နိုင်ငံပိုင်သတင်းဌာနများက ဗုဒ္ဓဟူးနေ့တွင် ရေးသားသည်။

အဆိုပါ မူးယစ်မှောင်ခိုသူများသည် အီရန်နိုင်ငံနယ်စပ် ခိုရာဆန်ရာဇာဘီ ပြည်နယ်ထရီဘတ်မြို့အနီးတွင် လွန်ခဲ့သည့်နှစ်ရက်က သေဆုံးခဲ့ခြင်းဖြစ်ကြောင်း အိုင်အာရ်အင်အေ သတင်းဌာနက ထုတ်ပြန်သည်။ သို့သော် အသေးစိတ်ကို ထုတ်ဖော်ပြောကြားခြင်းမရှိပေ။ အာဖဂန်နစ္စတန်နိုင်ငံမှ ဘိန်းဖြူများ အနောက်ဥရောပဈေးကွက်သို့ မှောင်ခိုသွားရာတွင် အီရန်နိုင်ငံသည် အဓိကအရေးပါသော လမ်းကြောင်းပေါ်တွင် တည်ရှိသည်။ အာဖဂန်နစ္စတန်နိုင်ငံသည် ဘိန်းဖြူချက်လုပ်ရာ၌ အရေးပါသော ကုန်ကြမ်းဖြစ်သည့် ဘိန်းအများဆုံးထွက်ရှိရာ နိုင်ငံဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

မြေပုံ The Mirror နိုင်ငံတကာသတင်းများ

သီရိလင်္ကာမြောက်ပိုင်းတွင် အစိုးရတပ်ဖွဲ့၏ တိုက်ခိုက်မှုကြောင့် တမီးလ်ကျားသူပုန် ၅၇ဦး သေဆုံး

ကိုလံဘို ဧပြီ ၄

သီရိလင်္ကာနိုင်ငံ မြောက်ပိုင်းတွင် အစိုးရတပ်ဖွဲ့များက နှစ်ရက်ကြာ ထိုးစစ်ဆင်တိုက်ခိုက်မှုကြောင့် တမီးလ်ကျားသူပုန် ၅၇ ဦး သေဆုံးကြောင်း အစိုးရ အဖွဲ့က ကြာသပတေးနေ့တွင် ပြောကြားသည်။

နိုင်ငံမြောက်ပိုင်း နယ်စပ်ဒေသ တစ်လျှောက်တွင် တိုက်ခိုက်မှုဖြစ်ပွားရာ အစိုးရတပ်ဖွဲ့ဝင် ၂၅ ဦး သေဆုံးကြောင်း တမီးလ်ကျားသူပုန်များက ပြောကြားသည်။

တိုက်ခိုက်

အစိုးရတပ်ဖွဲ့များ တိုက်ခိုက်မှုကြောင့် ဧပြီ ၁ ရက်တွင် သူပုန် ၁၂ဦးနှင့် ဧပြီ ၂ ရက်တွင် သူပုန် ၄၅ ဦး သေဆုံးကြောင်း စစ်ဘက်ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးချုပ် ယူဒါရာ နာနာယတ်ကာရာက ပြောကြားပြီး ဂျက်ဖနာ၊ ဗာဘူနီရာ၊ ပိုလုံနာရူဝါနှင့် မန်နာတို့၏ မြောက်ပိုင်းခရိုင်များတွင် တိုက်ခိုက်မှု ဖြစ်ပွားခြင်းကြောင့် တပ်ဖွဲ့ဝင် ၁၂ ဦး သေဆုံးသည်ဟု ထည့်သွင်းပြောကြားခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

ဂျာမနီတွင် ဇီဝလောင်စာ အသုံးပြုရေး ယာဉ်စီးရေ နှစ်သန်းကျော် အဆင်သင့် မဖြစ်သေး

ဘာလင် ဧပြီ ၄

ဂျာမနီနိုင်ငံ၏ လမ်းမများပေါ်တွင် မောင်းနှင်နေသည့် မော်တော်ယာဉ်များ အနက် စီးရေနှစ်သန်းကျော်သည် ဇီဝလောင်စာဖြင့် မောင်းနှင်နိုင်ရန် အသင့်အနေအထားတွင် မရှိသေးကြောင်း ဧပြီ ၃ရက်တွင် ထွက်ပေါ်လာသော စက်မှုရပ်ကွက်သတင်းများက ဖော်ပြသည်။

ဇီဝလောင်စာဖြင့် မပြေးဆွဲနိုင်သော ကားများတွင် ဂျာမနီနိုင်ငံလုပ် ကား ၃၃၀၀၀၀နှင့် ပြည်ပမှတင်သွင်းလာသော ကားစီးရေ နှစ်သန်းပါဝင်သည်။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဝန်ကြီးဌာနကမူ ထိုကားများ၏ ကိန်းဂဏန်းများနှင့် ပတ်သက်၍ ထုတ်ဖော်ပြောကြားရန် ငြင်းဆိုသည်။

ဂျာမနီနိုင်ငံတွင် အသုံးပြုရန် ရည်ရွယ်ထားသည့် ဇီဝလောင်စာသစ်ကို အီး-၁၀ဟု အမည်ပေးထားသည်။ ထိုလောင်စာအသစ်ဖြင့် မမောင်း နိုင်သည့် ကားစီးရေသည် တစ်သန်းကျော်ရှိလျှင် အစိုးရက လောင်စာသစ်ကို အသုံးပြုမည့် အမိန့်ဒီကရီကို အတည်ပြုမည် မဟုတ်ကြောင်း သဘာဝပတ်ဝန်းကျင်ဆိုင်ရာဝန်ကြီးဆက်မာဂေဘရီယယ်က ဂျာမန်မီဒီယာသို့ ပြောကြားသည်။***အမ်အင်အေ၊ရိုက်တာ။***

အင်ဒိုနီးရှားအရှေ့ပိုင်း၌ အင်အားပြင်းငလျင်လှုပ်

ဂျကာတာ ဧပြီ ၄

အင်ဒိုနီးရှားနိုင်ငံ အရှေ့ပိုင်းရှိ မာလူကူပြည်နယ်တွင် ဧပြီ ၃ရက် နံနက်ပိုင်းက ပြင်းအား ၆ ဒသမ ၄ အဆင့်ရှိ အင်အားပြင်း မြေငလျင်လှုပ်ရှားသွားကြောင်း၊ ပျက်စီးဆုံးရှုံးမှုနှင့် သေကျေ ဒဏ်ရာရရှိမှုကို ဖော်ပြခြင်းမရှိကြောင်း မိုးလေဝသနှင့် ဘေးအန္တရာယ် ထိန်းသိမ်းရေးလုပ်ငန်းက ပြောကြားသည်။

အဆိုပါ ငလျင်သည် ဒေသစံတော်ချိန် နံနက် ၂ နာရီ ၁၀ မိနစ်တွင် ပြည်နယ်၏ ဆမ်လာကီမြို့ အနောက်မြောက်ဘက် ၂၂၃ ကီလိုမီတာခန့် အကွာကို ဗဟိုပြုပြီးမြေအောက်အနက် ၁၃၆ ကီလိုမီတာတွင် လှုပ်ရှားသွားကြောင်း မိုးလေဝသဌာနက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲ ဗီယက်နမ်၌ ကျင်းပမည်

ဟနွိုင်း ဧပြီ ၄

ဗီယက်နမ်နိုင်ငံတွင် ၁၈ ကြိမ်မြောက် ဗီယက်နမ်အပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲ (ဗီယက်နမ်ပို့ကုန် ၂၀၀၈) ကို ဧပြီ ၉ရက်မှ ၁၃ရက်အထိ ကျင်းပမည်ဖြစ်သည်။ ၄င်းပြပွဲကို ကုန်သွယ်ရေး တိုးမြှင့်ရန်နှင့် ရင်းနှီးမြှုပ်နှံမှု ဆွဲဆောင်ရန် ရည်ရွယ်၍ ကျင်းပခြင်း ဖြစ်ကြောင်း ဗီယက်နမ်နိုင်ငံ စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနက ကြာသပတေးနေ့တွင် ပြောကြားသည်။

အဆိုပါပြပွဲကို စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနအောက်ရှိ ဗီယက်နမ်ကုန်သွယ်ရေး တိုးမြှင့်ရေးလုပ်ငန်းနှင့် ဗီယက်နမ် အမျိုးသား ကုန်စည်ပြပွဲနှင့် ကြော်ငြာကုမ္ပဏီတို့က ပူးပေါင်းကျင်းပခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ပေကျင်းအိုလံပစ်၌ ပရိသတ်များအားပြသရန်စီစဉ်ထားသည့် ပန်ဒါဝက်ဝံအချို့ကို ဧပြီ၃ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်နိုင်ငံသည် လမ်းများပေါ်တွင် လျှောက်လှမ်းနေကြောင်း နိုင်ငံသားအများအပြားက ယုံကြည်နေဟု စစ်တမ်းတွင်ဖော်ပြ

ဝါရှင်တန် ဧပြီ ၄

အမေရိကန်၌ ကောက်ယူပြုစုထားသော ၁၉၉၀ပြည့်နှစ်ကာလ စစ်တမ်းများနှင့်နှိုင်းစာလျှင် ယခု နောက်ဆုံးပြုလုပ်သော စစ်တမ်းတွင် ပြည်သူရာခိုင်နှုန်းအများစုက အမေရိကန်နိုင်ငံသည် လမ်းကြောင်းမှားပေါ်တွင် လျှောက်လှမ်းနေသည်ဟု ယုံကြည်ကြကြောင်း သဘောထားပေးကြသည်။

ထိုစစ်တမ်းကိုပြုစုသူ စီဘီအက်စ် သတင်းဌာနနှင့် နယူးယောက်တိုင်း သတင်းစာတို့က ဧပြီ ၄ရက်က တွေ့ရှိချက်ကို ထုတ်ပြန်ခဲ့ကြသည်။ လူတန်းစားအလွှာစုံပါဝင်သော အမေရိကန်ပြည်သူ ၁၃၆၈ ဦးကို စာရင်းပြုစုလေ့လာရာ ၈၁ရာခိုင်နှုန်းသော ဖြေကြားသူများက အထက်ပါအတိုင်း သဘောထားပေးခဲ့ကြသည်။

အမေရိကန်နိုင်ငံ၏ နိုင်ငံရေး၊ လူမှုရေးနှင့် စီးပွားရေးအခြေအနေနှင့် ပတ်သက်၍ ယခင်ကလည်း သဘောထားစစ်တမ်းများ ပြုစုခဲ့သည်။ ၂၀၀၂ခုနှစ်တွင်ပြုစုစဉ်က ဖြေကြားသူ ၃၅ရာခိုင်နှုန်းက အခြေအနေမကောင်းကြောင်း ပြန်ကြားခဲ့ကြပြီး ၂၀၀၇ခုနှစ်တွင် စစ်တမ်း ကောက်ယူသောအခါ ၆၉ရာခိုင်နှုန်းက နိုင်ငံသည် မှားယွင်းသော လမ်းကြောင်းပေါ်တွင် ရောက်နေသည်ဟု ရှုမြင်ကြောင်းဖြေကြားခဲ့ကြသည်။ စာရင်းပြုစုရာတွင် အလွှာစုံ နယ်ပယ်စုံမှ ပါဝင်သည်။ ဒီမိုကရက် ပါတီဝင်နှင့် ရီပတ်ဘလီကန်ပါတီဝင်များ၊ အမျိုးသား၊ အမျိုးသမီးများ၊ မြို့နေလူတန်းစားနှင့် ကျေးလက်နေ လူတန်းစားများ၊ တက္ကသိုလ်ဘွဲ့ရများနှင့် အထက်တန်း အောင်မြင်သူ ကျောင်းသားများအထိ ပါဝင်ကြောင်း သိရသည်။

အီရတ်စစ်ပွဲမဖြစ်ပွားမီ အခြေအနေနှင့်နှိုင်းစာလျှင် ယခု လက်ရှိဖြစ်ပေါ်နေသော အခြေအနေသည် ပို၍ပင် ဆိုးရွားလာသည်ဟု ၇၈ရာခိုင်နှုန်းသော ပြည်သူများက ယူဆထားကြသည်။

အင်တာနက်။

ထိပ်တန်းသူပုန်ခေါင်းဆောင်တစ်ဦး အိန္ဒိယရဲတပ်ဖွဲ့ ဖမ်းဆီးရမိ

စရီနာဂါ(အိန္ဒိယ) ဧပြီ ၅

အိန္ဒိယနိုင်ငံ ကက်ရှ်မီးယားပြည်နယ် ရဲတပ်ဖွဲ့က ဧပြီ ၃ ရက်တွင် ထိပ်တန်းသူပုန် ခေါင်းဆောင်တစ်ဦးကို ဖမ်းဆီးခဲ့ကြောင်း ပြောကြားသည်။

ဟစ်ဇ်ဘိုလာမူဂျာဟီဒင် စစ်သွေးကြွအုပ်စု၏ အကြီးအကဲ ဂျူနိုင်းဒ်ရယ် အစ္စလာမ်အား ကက်ရှ်မီးယားပြည်နယ် မြို့တော် စရီနာဂါမြို့ရှိ အိမ်တစ်အိမ်ကို စီးနင်းတိုက်ခိုက်စဉ် ဖမ်းဆီးရမိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

၎င်းဒေသတွင် အစိုးရတပ်ဖွဲ့များ တိုက်ခိုက်မှုကြောင့် ယင်းအုပ်စုမှ ခေါင်းဆောင် နှစ်ဦး သေဆုံးခဲ့ပြီးနောက် နှစ်ရက်အကြာတွင် ၎င်းကို ဖမ်းဆီးရမိခြင်းဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

နိုင်ငံတကာ သတင်းများ

ဆူရီနမ်နိုင်ငံတောင်ပိုင်းတွင် ပျက်ကျသွားသော ဘလူးဝင်းလေကြောင်းလိုင်းမှ လေယာဉ်၏ အစိတ်အပိုင်းများကို ဧပြီ ၃ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဆူရီနမ်၌ လေယာဉ်ပျက်ကျ၊ လေယာဉ်အမှုထမ်းများနှင့် ခရီးသည်များ သေဆုံး

ကာရာတစ် ဧပြီ ၅

တောင်အမေရိက အရှေ့မြောက်ပိုင်း ဆူရီနမ်နိုင်ငံတွင် ဧပြီ ၃ ရက်က စက်နှစ်လုံးတပ် လေယာဉ်တစ်စင်း ပျက်ကျရာ လိုက်ပါလာသူ ခရီးသည် ၁၉ ဦးနှင့် လေယာဉ်ဝန်ထမ်းများ အားလုံး သေဆုံးကြောင်း ဒေသဆိုင်ရာသတင်းက ဖော်ပြသည်။

ပျက်ကျသွားသော ရုရှားနိုင်ငံလုပ် အန်တိုနော့ဗ် အေအင်န် ၂၈ လေယာဉ်သည် ဒေသဆိုင်ရာ ဘလူးဝင်း လေကြောင်းပိုင် လေယာဉ်ဖြစ်သည်ဟု ဆူရီနမ်နိုင်ငံ မြို့တော် ပါရာမာရီဘိုမှ လာသောသတင်းကို ကိုးကား၍ ဖော်ပြသည်။

လေယာဉ်ပျက်ကျရခြင်း၏အကြောင်းရင်းကို ယခုချိန်ထိ မသိရှိရသေးကြောင်း ဆူရီနမ်လေကြောင်း ညွှန်ကြားရေးမှူး ကီနက်ဒေါက ပြောကြားသည်။

အဆိုပါလေယာဉ်သည် ပါရာမာရီဘိုမြို့မှ ပျံသန်းလာပြီး နိုင်ငံတောင်ပိုင်း တောအုပ်တွင်းသို့ ပျက်ကျခဲ့သည်။

ထိုလေယာဉ်ပေါ်၌ လေယာဉ်မှူးနှစ်ဦး အပါအဝင် စီးနင်းလိုက်ပါလာသူ ၂၀ ရှိသည်ဟု သတင်း၌ ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ

အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၄၀၁၂ ဦးရှိ

ဝါရှင်တန် ဧပြီ ၄

အီရတ်စစ်ပွဲစတင်ဖြစ်ပွားသည့် ၂၀၀၃ခုနှစ် မတ်လမှ ၂၀၀၈ ခုနှစ် ဧပြီ ၃ရက်အထိ ကာလအတွင်း သေဆုံးရသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေသည် ၄၀၁၂ဦးရှိသွားပြီဖြစ်ကြောင်း အေပီသတင်းဌာန၏ စာရင်းများအရ သိရသည်။

စစ်ဘက်ထုတ်ပြန်ချက်ဖော်ပြ

ထိုစာရင်းတွင် စစ်ဘက်ဆိုင်ရာ တာဝန်ထမ်းဆောင်နေသော အရပ်ဘက် ဝန်ထမ်းရှစ်ဦးလည်း ပါဝင်သည်။ သေဆုံးသူ အမေရိကန်တပ်ဖွဲ့ဝင်များအနက် ၃၂၇၂ ဦးသည် အီရတ်ခုခံရေးသမားများနှင့် တိုက်ခိုက်စဉ် သေဆုံးသူများဖြစ်ကြောင်း စစ်ဘက် ထုတ်ပြန်ချက်များက ဖော်ပြသည်။

အသက်ဆုံးရှုံး

ယင်းကာလအတွင်း အီရတ်၌အပေါင်းပါတပ်ဖွဲ့များ၏ သေဆုံးမှုအခြေအနေသည်လည်း မနည်းလှပေ။ ဗြိတိသျှ ၁၇၆ ဦး၊ အီတလီ ၃၃ဦး၊ ယူကရိန်း ၁၈ဦး၊ ပိုလန် ၂၁ဦး၊ ဘူလ်ဂေးရီးယား ၁၃ဦး၊ စပိန် ၁၁ဦး၊ ဒိန်းမတ် ခုနစ်ဦး၊ အယ်လ်ဆာဗေဒို ငါးဦး၊ စလိုဗားကီးယား လေးဦး၊ လတ်ဗီးယား သုံးဦးနှင့် အက်စတိုးနီးယား၊ နယ်သာလန်၊ ရိုမေးနီးယားနှင့် ထိုင်းနိုင်ငံတို့မှ နှစ်ဦးစီနှင့် ဩစတြေးလျ၊ ဟန်ဂေရီ၊ ကာဇက်စတန်နှင့် တောင်ကိုရီးယားတို့မှ တပ်ဖွဲ့ဝင်တစ်ဦးစီ သေဆုံးခဲ့ကြရပြီးဖြစ်သည်။

အင်တာနက်။

ဂါဇာဒေသကို ဝင်ရောက်စီးနင်းပြီး ပြန်လာသော အစ္စရေးတပ်ဖွဲ့များကို ဧပြီ ၃ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဂါဇာသို့ အစ္စရေးတပ်ဖွဲ့ စီးနင်းဝင်ရောက် သုံးဦး ဒဏ်ရာရ၊ ၁၂ ဦး ထိန်းသိမ်းခံရ

ဂါဇာ ဧပြီ ၅

ဂါဇာကမ်းမြောင် မြောက်ပိုင်းနှင့်တောင်ပိုင်းတွင် ဧပြီ ၃ ရက်က အစ္စရေးတပ်ဖွဲ့များသည် နှစ်နေရာကို စီးနင်းဝင်ရောက်ရာ လူသုံးဦး ဒဏ်ရာရရှိပြီး ၁၂ ဦး ထိန်းသိမ်းခံရကြောင်း သတင်းများတွင် ဖော်ပြသည်။

ဂါဇာကမ်းမြောင်တောင်ပိုင်း ခန်ယူနစ်မြို့ အရှေ့ပိုင်းမြို့ကို အရပ်ဝတ်အစ္စရေးတပ်ဖွဲ့က ဝင်ရောက် စီးနင်းပစ်ခတ်သည့်အတွက် ဒေသနေ ပြည်သူနှစ်ဦး ဒဏ်ရာရရှိသွားသည်။ ထို့အပြင် လူခုနစ်ဦးကိုလည်း ဖမ်းဆီးခေါ်ဆောင်သွားသည်။

ပါလက်စတိုင်း တိုက်ခိုက်ရေးသမားများနှင့် အစ္စရေးတပ်ဖွဲ့အကြား အချိန်အတန်ကြာ တိုက်ပွဲများဖြစ်ခဲ့ပြီး အစ္စရေးတပ်ဖွဲ့က စစ်ကူများ ခေါ်ခဲ့ရသည်။ ထိုပစ်ခတ်မှုတွင် အစ္စလာမ့်ဂျီဟတ်စ် လှုပ်ရှားရေးအဖွဲ့မှ စစ်သွေးကြွ တစ်ဦး ဒဏ်ရာရရှိခဲ့သည်ဟု အစ္စလာမ့်စ် လှုပ်ရှားရေးအဖွဲ့က ထုတ်ပြန်သည်။

အယ်လ်ကာရာရာဒေသမှ ထိန်းသိမ်း ခေါ်ဆောင်လာသူ ခုနစ်ဦးတွင် အမျိုးသမီးတစ်ဦးနှင့် ၎င်း၏ ခင်ပွန်းသည်လည်း ပါဝင်သည်ဟု ဒေသခံများက ပြောကြားသည်။ တစ်ချိန်တည်းမှာပင် ဂါဇာကမ်းမြောင် မြောက်ပိုင်း ဘီလာဟီယာမြို့ အနောက်မြောက်ပိုင်းအနီး အယ်လ်ဆီဖာသို့ အစ္စရေးတပ်ဖွဲ့ဝင်များ ရောက်လာသည်။ အစ္စရေးတပ်ဖွဲ့များသည် ထိုနယ်စပ်ဒေသအနီးရှိ အိမ်များအား ဝင်ရောက်ရှာဖွေပြီး ငါးဦးကို ထိန်းသိမ်းခဲ့သည်။ ထိန်းသိမ်းခံရသူများအနက် လေးဦးသည် မိသားစုဝင်များ ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

လေယာဉ်ခုနစ်စင်းကို ဗုံးခွဲရန်ကြံစည်မှု ဗြိတိန်နိုင်ငံသားရှစ်ဦးအား တရားရုံးတွင် ကြားနာ

လန်ဒန် ဧပြီ ၅

အီရတ်နိုင်ငံကို အပေါင်းပါတပ်ဖွဲ့များ ဝင်ရောက်တိုက်ခိုက်သည်ကို လက်တုံ့ပြန်သည့်အနေဖြင့် အတ္တလန္တိတ်သမုဒ္ဒရာကို ဖြတ်ကျော်ပျံသန်းသည့်ခရီးသည်တင် လေယာဉ် ခုနစ်စင်းကို ဖောက်ခွဲရန် ကြိုးပမ်းကြံစည်မှုဖြင့် ဖမ်းဆီးထားသော ဗြိတိန်နိုင်ငံသားရှစ်ဦး၏ အမှုကို ဧပြီ၄ရက်က လန်ဒန်တရားရုံးတွင် ကြားနာသည်။

ရုရှားနိုင်ငံ မော်စကိုမြို့ ၌ ဧပြီ ၄ ရက်က ပြုလုပ်သည့် ဖက်ရှင်ပြပွဲတွင် မော်ဒယ်တစ်ဦး သရုပ်ပြသနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ထိုအစီအစဉ်များကို မျိုးချစ်များ ဗီဒီယိုခွေဟုခေါ်သော တိပ်ခွေတွင် မှတ်တမ်းတင်ထားသည်။ ယင်းမှတ်တမ်းတွင်ပါရှိသည့် အချက်အလက်များကို ရုံးတော်တွင် တင်ပြထားသည်။

သင်တို့သည် အီရတ်၊ အာဖဂန်နစ္စတန်နှင့် ပါလက်စတိုင်း စသောနယ်မြေများကို ထိပါးလာလျှင် အန္တရာယ်သည် သင်တို့နိုင်ငံ၏ တံခါးဝသို့လည်း ဆိုက်ရောက်လာမည်သာဖြစ်သည်ဟု အဆိုပါဗီဒီယိုခွေတွင် ဖော်ပြပါရှိသည်။

ယခုအမှုဖြင့် အရေးယူခံထားရသူ ဗြိတိန်နိုင်ငံသားရှစ်ဦးမှာ အဗ္ဗဒူလာ အာမက်အလီ ၂၇နှစ်၊ အာဆက်ဆာဝါ ၂၇နှစ်၊ တန်ဗီရာဟူဆန် ၂၇နှစ်၊ မိုဟာမက်ဂူလ်စာ ၂၆နှစ်၊ အီဘရာဟင်ဆာဗန့် ၂၇နှစ်၊ အာရာဖက်ခန်း ၂၆နှစ်၊ ဝါဟစ်ဇမာန် ၂၃နှစ်နှင့် အူမာအစ္စလာမ် ၂၉နှစ်တို့ဖြစ်သည်။

၎င်းတို့သည် အချိုရည်သဖွယ်ဖန်တီးထားသည့် ပေါက်ကွဲစေတတ်သော ပစ္စည်းများကို လေယာဉ်ပေါ်သို့ ပုံဖျက်သယ်ဆောင်ကာ ကနေဒါနှင့်အမေရိကန်နိုင်ငံတို့သို့ ပျံသန်းမည့် လေယာဉ်ခုနစ်စင်းကို ဖောက်ခွဲတိုက်ခိုက်ရန် ကြံစည်ခဲ့ကြခြင်းဖြစ်သည်။

၎င်းတို့အား အကြမ်းဖက်ရန် ကြံစည်မှုနှင့် လူသတ်မှုကျူးလွန်ရန် ပူးပေါင်းကြံစည်မှုတို့ဖြင့် တရားစွဲဆိုထားခြင်းဖြစ်သည်။ ထိုစွဲချက်များ မဟုတ်မမှန်ကြောင်း ၎င်းတို့က ငြင်းဆိုထားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

✧ **ကျောဖုံးသတင်းဆောင်းပါးမှအဆက်**

ဘီလူးချောင်းအမှတ်(၂) ရေအားလျှပ်စစ် စက်ရုံကို တည်ဆောက်ရန်ဆုံးဖြတ်ခဲ့ပြီး ကနဦးအစတွင် နိုင်ငံပိုင်ငွေကြေးဖြင့် စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ သို့သော် မြန်မာနိုင်ငံအတွက် ဂျပန်နိုင်ငံက စစ်လျော်ကြေးပေးရန် ရှိလာသည့်အခါ စစ်လျော်ကြေးရရှိငွေဖြင့် ဆက်လက်အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်သည်။

၁၉၅၄ ခုနှစ်၊ ဧပြီလတွင် ကယားပြည်နယ် အထူးကလူပွဲတော်သို့ ရောက်ရှိလာသော နိုင်ငံတော်သမ္မတကြီး ဒေါက်တာဘဦးက ဘီလူးချောင်း အမှတ်(၂) ရေအားလျှပ်စစ်စက်ရုံကို အုတ်မြစ်ချပေးခဲ့ပါသည်။ ၁၉၆၀ပြည့်နှစ်တွင် ရန်ကုန်မြို့သို့ (၂၃၀)ကေဗွီ မဟာဓာတ်အားလိုင်းဖြင့်လည်းကောင်း၊ မန္တလေးမြို့သို့ (၁၃၂)ကေဗွီ မဟာဓာတ်အားလိုင်းဖြင့်လည်းကောင်း ဘီလူးချောင်း အမှတ်(၂) ရေအားလျှပ်စစ်စက်ရုံမှ ဓာတ်အား စတင်ဖြန့်ဖြူးပေးနိုင်ခဲ့ပါသည်။

ရေအားလျှပ်စစ် မရရှိမီ ရန်ကုန်မြို့ရှိ ဗမာ့တပ်မတော်၊ အတွင်းဝန်ရုံး၊ ဆေးရုံကြီး၊ ရန်ကုန်ယူနီဗာစတီနှင့် ပြည်သူ (၂၅၀၀၀)ခန့်အတွက် အလုံစက်ရုံရှိ (၁၀)မဂ္ဂါဝပ် ရေနွေးငွေ့တာဘိုင်စက်နှစ်လုံးဖြင့် ဓာတ်အားဖြန့်ဖြူးခဲ့ရာ လုံလောက်ခဲ့ပါသည်။ ထို့နောက် ၁၉၅၆ခုနှစ်တွင် (၁၀)မဂ္ဂါဝပ် စက်တစ်လုံး တိုးချဲ့တပ်ဆင်ခဲ့သည်။

စက်မှုလက်မှု တိုးချဲ့လုပ်ကိုင်ရေး ကော်ပိုရေးရှင်းက တည်ဆောက်မည့် ရွာမ သံရည်ကျိုစက်ရုံ၊ နိုင်ငံတော် ဆေးဝါး ထုတ်လုပ်ရေးစက်ရုံ၊ သမိုင်းချည်မျှင်နှင့်အထည်စက်ရုံ တိုးချဲ့ရေးတို့အပြင် လှိုင်မြစ်ကမ်းတစ်လျှောက် တည်ဆောက်မည့် ဓာတုဗေဒစက်မှုလုပ်ငန်း၊ ဖွဲ့နှဆီစက်၊ အထပ်သားစက်တို့အတွက်ပါ ထည့်သွင်းစဉ်းစား၍ (၁၀) မဂ္ဂါဝပ် ရေနွေးငွေ့တာဘိုင်စက်သုံးလုံးကို ပထမအဆင့်နှင့် ဒုတိယအဆင့်ခွဲ၍ စက်ရုံနေရာကို ဓာတ်အားအများဆုံး အသုံးပြုမည့် သံရည်ကျိုစက်နှင့် အနီးကပ်ဆုံးဖြစ်သည့် ရွာမ(အင်းစိန်) ၌ တည်ဆောက်ခဲ့သည်။

ဘီလူးချောင်း အမှတ်(၂) (လောပိတ)စက်ရုံ၌ ပထမအဆင့် (၂၈) မဂ္ဂါဝပ် စက်သုံးလုံးကို ၁၉၆၀ ပြည့်နှစ်တွင် လည်းကောင်း၊ မိုးဗြဲရေလှောင်ကန် တည်ဆောက်ပြီးစီးသောအခါ နောက်ထပ် ဒုတိယအဆင့် စက်သုံးလုံးကို ၁၉၇၃ခုနှစ်တွင် တိုးချဲ့ တပ်ဆင်လိုက်သဖြင့်လည်းကောင်း၊ဘီလူးချောင်း အမှတ်(၂)စက်ရုံသည် (၂၈)မဂ္ဂါဝပ် စက်ခြောက်လုံးဖြင့် စုစုပေါင်း(၁၆၈)မဂ္ဂါဝပ် ထုတ်လုပ်ပေးနိုင်ပြီး ထိုဓာတ်အားဖြင့် ၁၉၆၀ပြည့်လွန်နှစ်များတွင် ပြည်သူများသို့ ဓာတ်အား နိုင်နင်းစွာ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ခဲ့ပါသည်။

၁၉၇၀ပြည့်နှစ်နောက်ပိုင်း၌ နိုင်ငံတော်တွင် ပြည်သူပိုင် စက်ရုံ၊ အလုပ်ရုံကြီးများ တိုးပွားလာပြီး စီမံကိန်း စက်ရုံကြီးများ တိုးချဲ့တည်ဆောက်ခဲ့သဖြင့် ဓာတ်အားလိုအပ်ချက် တိုးတက်လာသည့်အခါ ရေအားလျှပ်စစ် စက်ရုံကြီးများ တည်ဆောက်ပါက တည်ဆောက်ရေးကာလ ရှည်ကြာမည်ဖြစ်သည့်အတွက် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို အပြည့်အဝ ဖြည့်ဆည်းပေးနိုင်ရန် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများကို အောက်ပါအတိုင်း စတင်တည်ဆောက်ပြီး ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးပေးခဲ့ပါသည်-

(က) ကျွန်းချောင်းနှင့် စလေဓာတ်မြေသြဇာစက်ရုံများနှင့် အနီးတစ်ဝိုက်ဒေသများသို့ ဓာတ်အားပေးရန် ကျွန်းချောင်း သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံကို ၁၉၇၄ခုနှစ်တွင်လည်းကောင်း၊

(ခ) ကြံခင်း ဘိလပ်မြေစက်ရုံနှင့် ဧရာဝတီမြစ် အနောက်ဘက်ကမ်းဒေသရှိ စက်ရုံများ၊ ဧရာဝတီတိုင်းအတွင်းရှိ မြို့နယ်များသို့ ဓာတ်အားပေးရန် မြန်အောင် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံကို ၁၉၇၅ ခုနှစ်တွင်လည်းကောင်း၊

(ဂ) မန်း ရေနံချက်စက်ရုံ၊ရေနံမြေနှင့် မကွေးတိုင်း အနောက်ဘက်ခြမ်း ဒေသများသို့ ဓာတ်အားပေးရန် မန်းသဘာဝဓာတ်ငွေ့သုံးဓာတ်အား ပေးစက်ရုံကို ၁၉၈၀ပြည့်နှစ်တွင် လည်းကောင်း၊

(ဃ) မွန်ပြည်နယ် မော်လမြိုင်မြို့နှင့် အနီးတစ်ဝိုက် ဒေသများသို့ ဓာတ်အား ပေးရန် ငန်းတေးရေနွေးငွေ့သုံး ဓာတ်အားပေးစက်ရုံကို ၁၉၈၀ပြည့်နှစ်တွင် လည်းကောင်း၊

(င) ရန်ကုန်မြို့တော်မှ ပိုမိုသုံးစွဲလာသည့် ဓာတ်အားအတွက် ရွာမ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံကို ၁၉၈၀ပြည့်နှစ်တွင်လည်းကောင်း၊

(စ) ကျောက်ဆွာ ဓာတ်မြေသြဇာစက်ရုံနှင့် ပြည်-မြန်အောင် ကြားဒေသမှ တိုးချဲ့ လိုအပ်လာသည့်ဓာတ်အားများ ဖြည့်ဆည်းပေးနိုင်ရန် ရွှေတောင် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံကို ၁၉၈၄ ခုနှစ်တွင် လည်းကောင်း၊

(ဆ) သထုံ တာယာနှင့်ရော်ဘာပစ္စည်း ထုတ်လုပ်ရေး စက်ရုံ၊ မြိုင်ကလေး ဘိလပ်မြေစက်ရုံ၊မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်မှ ဒေသအချို့အား ဓာတ်အားပေးရန် သထုံ သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံကို ၁၉၈၅ခုနှစ်တွင်လည်းကောင်း အသီးသီး အကောင်အထည်ဖော် တည်ဆောက်ပေးခဲ့ပါသည်။

ထိုဓာတ်အားပေးစက်ရုံများမှ ရရှိမည့် လျှပ်စစ်ဓာတ်အားများကို တိုးချဲ့ပို့လွှတ်ဖြန့်ဖြူးရန် တစ်ပြိုင်တည်း လိုအပ်လာသည့်အတွက် သာစည်-ချောက် (၁၃၂)ကေဗွီ ဓာတ်အားလိုင်း၊ ကြေးနီတောင်နှင့် မုံရွာမြို့ အနီးတဝိုက်ဒေသများအတွက် ကျွန်းချောင်း-မုံရွာ(၁၃၂) ကေဗွီ ဓာတ်အားလိုင်း၊ သံမဏိစက်ရုံနှင့် ပြင်ဦးလွင်မြို့ အနီးတစ်ဝိုက် ဒေသများအတွက် မန္တလေး-ပြင်ဦးလွင် (၁၃၂)ကေဗွီ ဓာတ်အားလိုင်း၊ သာစည်-တောင်ငူ(၂၃၀)ကေဗွီ ဓာတ်အားလိုင်း၊ချောက်-တောင်တွင်းကြီး (၁၃၂)ကေဗွီဓာတ်အားလိုင်းနှင့် တောင်တွင်းကြီး-လှော်ကား (၂၃၀)ကေဗွီဓာတ်အားလိုင်းနှင့်ဓာတ်အားခွဲရုံများကိုလည်း ဓာတ်အားပေးစက်ရုံ စီမံကိန်းများနှင့်တစ်ပြိုင်တည်း တည်ဆောက်ခဲ့ပြီး ရန်ကုန်မြို့တွင်လည်း ရန်ကုန် ဓာတ်အားပေးစနစ် တိုးချဲ့တည်ဆောက်ရေး စီမံကိန်း (ပထမအဆင့်)ကို အကောင်အထည်ဖော် တည်ဆောက်ခဲ့ပါသည်။ထိုသို့ ၁၉၆၀ ပြည့်နှစ်က လောပိတမှ ရန်ကုန်သို့ (၂၃၀)ကေဗွီ မဟာဓာတ်အားလိုင်း တစ်လိုင်း၊လောပိတမှ မန္တလေးသို့ (၁၃၂)ကေဗွီ မဟာဓာတ်အားလိုင်း တစ်လိုင်းတို့ဖြင့် စတင်ခဲ့သော မဟာဓာတ်အားလိုင်းများမှာ ယခုအခါ အဓိကကျသော ဓာတ်အားပေးစက်ရုံများနှင့် ဓာတ်အားခွဲရုံကြီးများကို ကွန်ရက်သဖွယ် ဆက်သွယ်ပေးထားသည့် မဟာဓာတ်အားလိုင်းစနစ်၏ ကျောရိုးသဖွယ် ဖြစ်လျက်ရှိနေပါတော့သည်။



၁၉၈၈ခုနှစ် မတိုင်မီ ဓာတ်အား ထုတ်လုပ်မှု အခြေအနေ

၁၉၆၀ပြည့်လွန်နှစ် ကာလများတွင် ဘီလူးချောင်း အမှတ်(၂) (လောပိတ)ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ ဓာတ်အားဖြင့် ပြည်သူလူထု၏ ဓာတ်အားလိုအပ်ချက်ကို နိုင်နင်းစွာ ထုတ်လုပ် ဖြန့်ဖြူးပေးနိုင်ခဲ့ပါသည်။ ထို့နောက် ၁၉၇၀ပြည့်နှစ် နောက်ပိုင်း၌ နိုင်ငံတော်တွင် ပြည်သူပိုင် စက်ရုံ၊ အလုပ်ရုံကြီးများ တိုးပွားလာပြီး စီမံကိန်းဝင်စက်ရုံကြီးများ တိုးချဲ့တည်ဆောက်လာသဖြင့်ဓာတ်အားလိုအပ်ချက် တိုးတက်လာသည့်အခါ ရေအားလျှပ်စစ် စက်ရုံကြီးများ တည်ဆောက်ပါက တည်ဆောက်ရေးကာလ ရှည်ကြာမည်ဖြစ်သည့်အတွက် လတ်တလော လိုအပ်ချက်ကို အပြည့်အဝ ဖြည့်ဆည်းပေးနိုင်ရန် သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေး စက်ရုံများကို တည်ဆောက်ပြီး ဓာတ်အား ထုတ်လုပ် ဖြန့်ဖြူးပေးခဲ့ပါသည်။

ယင်းနောက်၁၉၇၄ခုနှစ်တွင်(၁၈)မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်သုံးလုံးဖြင့် စတင်ဓာတ်အားထုတ်လုပ်ပေးခဲ့သည့် ကျွန်းချောင်းသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံမှာ ပထမဆုံး သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံဖြစ်ပြီး၊မြန်အောင်၊မန်း၊ ရွှေတောင်၊သထုံနှင့် ရန်ကုန်မြို့တွင်ပါ သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံများကို ရေတိုစီမံချက်အနေဖြင့် ဆက်တိုက် တည်ဆောက်အကောင်အထည်ဖော်ခဲ့ပါသည်။

လောပိတမှ သာစည်၊ မန္တလေးသို့သွယ်တန်းထားသည့် (၁၃၂)ကေဗွီ မဟာဓာတ်အားလိုင်းမြောက်ပိုင်းနှင့် လောပိတမှ တောင်ငူ-ရန်ကုန်သို့ သွယ်တန်းထားသည့် (၂၃၀)ကေဗွီ မဟာဓာတ်အားလိုင်း တောင်ပိုင်းဟူ၍ မဟာဓာတ်အားလိုင်း(၂)ခုသာရှိခဲ့ရာမှ မဟာဓာတ်အားလိုင်း ကွန်ရက်ဖြစ်အောင် ဓာတ်အားလိုင်းများ တိုးချဲ့တည်ဆောက်ခဲ့ပါသည်။ ထို့အပြင် မဟာဓာတ်အားလိုင်း ပြင်ပဒေသများအတွက် အသေးစား ရေအား လျှပ်စစ်ဓာတ်အားပေးစက်ရုံများနှင့် ဒီဇယ်ဓာတ်အားပေးစက်များ တပ်ဆင်တည်ဆောက်၍ ဓာတ်အားဖြန့်ဖြူးပေးခဲ့ရာ ၁၉၈၈ခုနှစ်မတိုင်မီ တပ်ဆင်စက်အင်အား၊ ဓာတ်အားထုတ်လုပ်မှုနှင့် တည်ဆောက်ပြီးစီးခဲ့သော လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၏ အကျဉ်းချုပ်စာရင်းနှင့် အသေးစိတ်စာရင်းတို့ကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

၁၉၈၈ ခုနှစ်မတိုင်မီ တပ်ဆင်စက်အင်အားနှင့် ဓာတ်အားထုတ်လုပ်မှု

စက်အမျိုးအစား	တပ်ဆင်စက်အင်အား(မဂ္ဂါဝပ်)			လျှပ်စစ်ထုတ်လုပ်မှု (ယူနစ်သန်းပေါင်း)
	ဓာတ်အားစနစ်	ဓာတ်အားစနစ်ပြင်ပ	စုစုပေါင်း	
ရေအားလျှပ်စစ်	၂၂၄·၀၀၀	၄·၂၅၈	၂၂၈·၂၅၈(၃၅·၀၂%)	၉၃၄·၈၉(၄၁·၉၉%)
ဓာတ်ငွေ့/ရေနွေးငွေ့	၂၈၀·၆၅၀	၅၉·၃၅၀	၃၄၀·၀၀၀(၅၂·၁၇%)	၁၂၆၇·၈၆(၅၆·၉၅%)
ဒီဇယ်	-	၈၃·၅၀၀	၈၃·၅၀၀(၁၂·၈၁%)	၂၃·၇၀(၁·၀၆%)
စုစုပေါင်း	၅၀၄·၆၅၀	၁၄၇·၁၀၈	၆၅၁·၇၅၈	၂၂၂၆·၄၅

၁၉၈၈ခုနှစ်မတိုင်မီ တည်ဆောက်ပြီးစီးခဲ့သော လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၏ အသေးစိတ်စာရင်း

(က) ၁၉၈၈ ခုနှစ်မတိုင်မီ တည်ဆောက်ပြီးစီးခဲ့သော ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ(၂)ရုံ

စဉ်	စက်ရုံအမည်	တည်နေရာ	တပ်ဆင်စက်အင်အား (မဂ္ဂါဝပ်)	ပြီးစီးသည့်နှစ်
၁	ဘီလူးချောင်း(၂) (လောပိတ)	ကယားပြည်နယ်	၂၈ × ၃ = ၈၄ ၂၈ × ၃ = ၈၄	၁၉၆၀ ၁၉၇၄
၂	ကင်းတား	မန္တလေးတိုင်း	၂၈ × ၂ = ၅၆	၁၉၈၅
		စုစုပေါင်း	၂၂၄	

(ခ) ၁၉၈၈ ခုနှစ်မတိုင်မီ တည်ဆောက်ပြီးစီးခဲ့သော အသေးစား ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ (၁၁) ရုံ

စဉ်	စက်ရုံအမည်	တည်နေရာ	တပ်ဆင်စက်အင်အား (မဂ္ဂါဝပ်)	ပြီးစီးသည့်နှစ်
၁	ဝက်ဝံ	မန္တလေးတိုင်း	၀·၄၅၀	၁၉၃၆
၂	ဇာလွီး	ချင်းပြည်နယ်	၀·၄၀၀	၁၉၈၄
၃	ဒေါင်ဗား	ချင်းပြည်နယ်	၀·၄၀၀	၁၉၈၄
၄	ဇင်းကျိုက်	မွန်ပြည်နယ်	၀·၂၂၈	၁၉၈၄
၅	ငစစ်ဗား	ချင်းပြည်နယ်	၁·၀၀၀	၁၉၈၆
၆	နမ့်ထုံ	ကချင်ပြည်နယ်	၀·၁၆၀	၁၉၈၇
၇	ဖာပွန်	ကရင်ပြည်နယ်	၀·၀၆၂	၁၉၈၇
၈	တပ်ကြီး	ရှမ်းပြည်နယ်	၁·၂၀၀	၁၉၈၇
၉	ဖားဆောင်း	ကယားပြည်နယ်	၀·၁၀၈	၁၉၈၈
၁၀	နမ့်ခမ်း	ရှမ်းပြည်နယ်	၀·၂၀၀	၁၉၈၈
၁၁	သင်းသေ	ချင်းပြည်နယ်	၀·၀၅၀	၁၉၈၈
		စုစုပေါင်း	၄·၂၅၈	

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❍

❍ စာမျက်နှာ(၆)မှအဆက်

(ဂ) ၁၉၈၈ ခုနှစ်မတိုင်မီ တည်ဆောက်ပြီးစီးခဲ့သော ဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ (၇)ရုံ

စဉ်	စက်ရုံအမည်	တည်နေရာ	တပ်ဆင်စက်အင်အား (မဂ္ဂါဝပ်)	ပြီးစီးသည့်နှစ်
၁	ကျွန်းချောင်း	မကွေးတိုင်း	၁၈.၁၀ × ၃ = ၅၄.၃၀	၁၉၇၄
၂	မြန်အောင်*	ဧရာဝတီတိုင်း	၁၆.၂၅ × ၃ = ၄၈.၇၅	၁၉၇၅
			၁၈.၄၅ × ၁ = ၁၈.၄၅	၁၉၈၄
၃	ရွာမ	ရန်ကုန်တိုင်း	၁၈.၄၅ × ၂ = ၃၆.၉၀	၁၉၈၀
၄	မန်း	မကွေးတိုင်း	၁၈.၄၅ × ၂ = ၃၆.၉၀	၁၉၈၀
၅	ကျိုက်လတ်**	ဧရာဝတီတိုင်း	၂.၁၈ × ၅ = ၁၀.၉၀	၁၉၈၃
၆	ရွှေတောင်	ပဲခူးတိုင်း	၁၈.၄၅ × ၃ = ၅၅.၃၅	၁၉၈၄
၇	သထုံ	မွန်ပြည်နယ်	၁၈.၄၅ × ၁ = ၁၈.၄၅	၁၉၈၅
စုစုပေါင်း			၂၈၀.၀၀	

* မြန်အောင်စက်ရုံမှ စက် (၂)လုံး စုစုပေါင်း အင်အား (၃၂.၅) မဂ္ဂါဝပ်ကို ၂၀၀၁ ခုနှစ်တွင် သထုံစက်ရုံသို့ ပြောင်းရွှေ့တပ်ဆင်ပြီး ဖြစ်ပါသည်။

** ကျိုက်လတ်စက်ရုံမှ စက်(၅)လုံး စုစုပေါင်း အင်အား (၁၀. ၉) မဂ္ဂါဝပ်ကို ၁၉၉၈ ခုနှစ်တွင် ကမ္မစက်ရုံသို့ ပြောင်းရွှေ့တပ်ဆင်ပြီး ဖြစ်ပါသည်။

(ဃ) ၁၉၈၈ ခုနှစ်မတိုင်မီ တည်ဆောက်ပြီးစီးခဲ့သော ရေနွေးငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ(၃)ရုံ

စဉ်	စက်ရုံအမည်	တည်နေရာ	တပ်ဆင်စက်အင်အား (မဂ္ဂါဝပ်)	ပြီးစီးသည့်နှစ်
၁	ရွာမ	ရန်ကုန်တိုင်း	၁၀ × ၃ = ၃၀	၁၉၅၇
၂	မော်လမြိုင်	မွန်ပြည်နယ်	၆ × ၂ = ၁၂	၁၉၈၀
၃	သထုံ	မွန်ပြည်နယ်	၆ × ၃ = ၁၈	၁၉၈၇
စုစုပေါင်း			၆၀	
စုစုပေါင်း (က) + (ခ) + (ဂ) + (ဃ)			၅၆၈.၂၅၈	

ဓာတ်အားပို့လွှတ်ခြင်းနှင့် လက်ခံဖြန့်ဖြူးခြင်းလုပ်ငန်း

တည်ဆောက်ပြီး ရေအားလျှပ်စစ်စက်ရုံကြီးများ၊ သဘာဝဓာတ်ငွေ့သုံးစက်ရုံကြီးများနှင့် ရေနွေးငွေ့သုံးဓာတ်အားပေးစက်ရုံတို့မှ ထွက်ရှိလာသော လျှပ်စစ်ဓာတ်အားကို ပြည်သူလူထုထံသို့အရောက် ဖြန့်ဖြူးနိုင်ရန်အတွက် မဟာဓာတ်အားလိုင်းနှင့် ပင်မဓာတ်အားခွဲရုံများအား ယင်းဓာတ်အားပေးစက်ရုံတို့ ပြီးစီးသည့် အချိန်နှင့်တစ်ပြေးညီ ပြီးစီးအောင် တည်ဆောက်ကြရပါသည်။

၁၉၈၈ ခုနှစ်တွင် ဓာတ်အားပို့လွှတ်ရေးစနစ်၌ ၂၃၀ ကေဗွီမဟာဓာတ်အားလိုင်း (၇) လိုင်း လိုင်းမိုင်အရှည် ၅၆၈ဒသမ၉၈ မိုင်၊ ၁၃၂ ကေဗွီ မဟာဓာတ်အား လိုင်း (၁၂) လိုင်း လိုင်းမိုင်အရှည် ၇၀၆ဒသမ၆၇ မိုင်နှင့် ၆၆ ကေဗွီဓာတ်အားလိုင်း (၂၃) လိုင်း လိုင်းမိုင်အရှည် ၄၈၂ဒသမ၃၇ မိုင်ဖြင့် ဓာတ်အားပို့လွှတ်ရေးလိုင်းပေါင်း ၄၂ လိုင်းနှင့် မိုင်စုစုပေါင်း ၁၇၅၈ ဒသမ ၀၂မိုင် ရှိခဲ့ပါသည်။

ထို့ပြင် ဓာတ်အားစနစ်အတွင်း ပို့လွှတ်သော ဓာတ်အားများကို လက်ခံဖြန့်ဖြူးပေးနိုင်ရန်အတွက် ဓာတ်အားခွဲရုံများ တည်ဆောက် တပ်ဆင်ခဲ့ရာ ၁၉၈၈ ခုနှစ်တွင် ၂၃၀ ကေဗွီ ပင်မဓာတ်အားခွဲရုံ (၇)ရုံ၊ တပ်ဆင်အင်အား ၇၃၀ အမ်ဗွီအေ၊ ၁၃၂ ကေဗွီ ပင်မဓာတ်အား ခွဲရုံ ၁၀ ရုံ တပ်ဆင်အင်အား ၅၁၉ အမ်ဗွီအေနှင့် ၆၆ ကေဗွီ ဓာတ်အားခွဲရုံ ၁၇ ရုံ၊ တပ်ဆင်အင်အား ၃၈၂ အမ်ဗွီအေဖြင့် စုစုပေါင်း တပ်ဆင်အင်အား ၁၆၃၁ အမ်ဗွီအေ ရှိခဲ့ပါသည်။

၁၉၈၈ ခုနှစ် မတိုင်မီ တည်ဆောက်ပြီးစီးခဲ့သော မဟာဓာတ်အားခွဲရုံများနှင့် ပင်မဓာတ်အားခွဲရုံများ၏ အကျဉ်းချုပ်စာရင်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

ဗို့အား	လိုင်းအရေအတွက် (လိုင်း)	လိုင်းအရှည် (မိုင်)	ပင်မဓာတ်အားခွဲရုံ (ရုံ)	စုစုပေါင်းတပ်ဆင်အင်အား (အမ်ဗွီအေ)
၂၃၀ ကေဗွီ	၇	၅၆၈.၉၈	၇	၇၃၀
၁၃၂ ကေဗွီ	၁၂	၇၀၆.၆၇	၁၀	၅၁၉
၆၆ ကေဗွီ	၂၃	၄၈၂.၃၇	၁၇	၃၈၂
စုစုပေါင်း	**၄၂**	**၁၇၅၈.၀၂**	**၃၄**	**၁၆၃၁**

မြန်မာနိုင်ငံ၌၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် ဈေးကွက်စီးပွားရေးစနစ်ကို စတင်ဖော်ဆောင်လာသည်နှင့် တစ်ပြိုင်နက် တိုင်းရင်းသား ပုဂ္ဂလိကလုပ်ငန်းရှင်များကလည်းကောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများက လည်းကောင်း စက်ရုံအလုပ်ရုံများ၊ စီးပွားရေးလုပ်ငန်းများ တစ်ဟုန်ထိုးအကောင်အထည်ဖော်ဆောင်ရွက်လာခြင်း၊ နိုင်ငံတော်အစိုးရ၏ အစီအစဉ်ဖြင့် မြို့ပြအသစ်များ တည်ဆောက်လာခြင်းနှင့် စက်မှုဇုန်ကြီးများ တည်ထောင်လာခြင်းကြောင့် လည်းကောင်း၊ ပြည်သူလူထုက မိမိတို့၏ အစီအစဉ်များဖြင့် လည်းကောင်း၊ ရင်းနှီးမြှုပ်နှံသူများ၏ အစီအစဉ်များဖြင့် လည်းကောင်း အထပ်မြင့် အိမ်ရာသစ်များ တည်ဆောက်လာခြင်း၊ အဆင့်မြင့် အိမ်ရာစီမံကိန်းများ ပေါ်ပေါက်လာခြင်း၊ အဆင့်မြင့် လူမှုအသုံးအဆောင်ပစ္စည်းများ များပြားစွာ သုံးစွဲခွင့်ရရှိလာခြင်းတို့နှင့်ယှဉ်တွဲလျက် လျှပ်စစ်ဓာတ်အား လိုအပ်ချက်နှုန်းသည် ၁၉၈၈ ခုနှစ် မတိုင်မီကထက် တစ်မှုဟုတ်ချင်း များစွာ မြင့်မားပြောင်းလဲသွားပါသည်။

ထိုကဲ့သို့ လိုအပ်လာမှုကြောင့် ၁၉၈၈ ခုနှစ်မတိုင်မီက စက်တပ်ဆင်အင်အား ၅၆၈ဒသမ၂၅၈ မဂ္ဂါဝပ်ဖြင့်သာ ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးခြင်းဖြင့် လုံလောက်မှုရှိနေသော အခြေအနေမှ မြင့်မားလာသော ဓာတ်အားလိုအပ်ချက်ကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးနိုင်ရန်အတွက် တည်ဆောက်ဆောင်ရွက်ခဲ့သော ၁၉၈၈ ခုနှစ်နောက်ပိုင်း လျှပ်စစ်ဓာတ်အားကဏ္ဍ ဖြစ်ပေါ်တိုးတက်မှုများအား ဆက်လက်၍ စုစည်းတင်ပြသွားပါမည်။

အောင်စေတီသာသနာ့ဗိမာန်ကျောင်းတိုက် ဆရာတော်ကြီး၏သိက္ခာထပ်မွေးနေ့မင်္ဂလာကျင်းပမည်

ရန်ကုန် ဧပြီ ၅

ရန်ကုန်မြို့ အင်းစိန်မြို့နယ် ၁၀မိုင် စော်ဘွားကြီးကုန်းရပ်ကွက် အောင်စေတီသာသနာ့ဗိမာန်ကျောင်းတိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစတိလ ဆရာတော်ကြီး၏ သက်တော်(၈၈)နှစ် သိက္ခာတော်(၆၈)ဝါပြည့်မြောက် သိက္ခာထပ်မွေးနေ့ မင်္ဂလာအခမ်းအနားကို ဧပြီ ၆ ရက်တွင် အဆိုပါ အောင်စေတီသာသနာ့ဗိမာန်ကျောင်းတိုက်၌ နံနက် ၈ နာရီခွဲမှ မွန်းတည့် ၁၂နာရီအထိကျင်းပမည်ဖြစ်ပြီး ယင်းနေ့နံနက် ၉နာရီတွင်သိက္ခာထပ် သိမ်ဆင်းမည်ဖြစ်ရာ ကြွရောက်ကြည်ညို လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

စတုတ္ထအကြိမ် သင်္ကြန်တွင်း ခါတော်မီကျောင်းတိုက်တရားစခန်းပွဲ

ရန်ကုန် ဧပြီ ၅

ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် ဘလုတ်ညွန့်ရပ်ကွက်၊သာသနာ့ရောင်ခြည် ခါတော်မီကျောင်းတိုက်၊ဝင်းရွှေရည်တိုက်ကျောင်းတော်ကြီး၌ သင်္ကြန်တွင်းခါတော်မီ မိုးကုတ်ဝိပဿနာ တရားစခန်းပွဲ ကျင်းပမည်ဖြစ်ရာ ခါတော်မီကျောင်းတိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တ သုမနနှင့် ရွှေတိဂုံစေတီတော်ရင်ပြင် တိ၊ဂုံ၊ ဝိပဿနာပြန့်ပွားရေးအသင်းကြီး၏ ကမ္မဋ္ဌာန်းနည်းပြ၊ ကမ္မဋ္ဌာနာစရိယ၊ မိုးကုတ်ဝိပဿနာ ကမ္မဋ္ဌာနာစရိယ နယ်လှည့်ဓမ္မကထိက ပွင့်ဖြူဆရာတော် ဘဒ္ဒန္တ သမ္မာစာရတို့က ပဋိစ္စသမုပ္ပါဒ်တရားတော်နှင့် သစ္စာလေးပါးတရားတော်ကို ဟောကြားချီးမြှင့်မည်ဖြစ်သည်။ နှစ်ဆန်း(၁)ရက်တွင် (၁၇)ကြိမ်မြောက် သံဃဒါနဆွမ်းဆန်တော်လောင်းလှူပွဲနှင့် တရားစခန်းသိမ်းပွဲကျင်းပမည်ဖြစ်၍ ပါဝင်လှူဒါန်းလိုပါက ဖုန်း-၀၉၅၁၈၉၁၉၅ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၆-၄-၂၀၀၈ (တနင်္ဂနွေနေ့)

AM & PM

၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	"ကြံစည်တိုင်းဖြစ်"တရားတော် (ညောင်ကန်ဆရာတော် အရှင်ဣန္ဒက)
၇း၅၅ - ၁း၅၅	Soccer Update
၈း၁၀ - ၂း၁၀	Sunday Talk [ဦးခင်မောင်ညို(ဘောဂဗေဒ)၊ ဦးမင်းတေဇညွန့်တင်၊ ဦးမျိုးမြတ်သူ]
၉း၀၅ - ၃း၀၅	ခါသင်္ကြန်အဆိုအက
၉း၁၀ - ၃း၁၀	ပြည်တွင်းသတင်းအကျဉ်း
၉း၂၀ - ၃း၂၀	သာယာရွှေပြည် တို့နေပြည် (ဖြိုးငွေစိုး၊ အောင်ရဲလင်း၊ မော့စ်၊ ဗေလုဝ၊ ဇင်ဇင်ဇော်မြင့်) (ဒါရိုက်တာ-ထပ်ဆင့်အကယ်ဒမီ စင်ရော်မောင်မောင်)
၁၀း၀၅ - ၄း၀၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၁၀ - ၄း၁၀	သဘာဝအလှရတနာ သစ်ခွကမ္ဘာ
၁၀း၂၀ - ၄း၂၀	ခါသင်္ကြန်အဆိုအက
၁၀း၃၀ - ၄း၃၀	မိုးလေဝသခန့်မှန်းချက်
၁၀း၃၅ - ၄း၃၅	အနာဂတ်ရင်သွေးငယ်များ၏ အရှည်အသွေး (ပါမောက္ခ ဒေါက်တာမြင့်မောင်မောင်)
၁၀း၄၅ - ၄း၄၅	ခါသင်္ကြန်အဆိုအက
၁၁း၀၀ - ၅း၀၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၁၀ - ၅း၁၀	အတ္တရုံမြစ်ကမ်းနံဘေး ကျွဲကောစိုက်တဲ့ရွာကလေး
၁၁း၂၀ - ၅း၂၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၂၅ - ၅း၂၅	Euro Goals
၁၁း၄၅ - ၅း၄၅	ခါသင်္ကြန်အဆိုအက
၁၁း၅၀ - ၅း၅၀	ရိုးရာအလုပ်မှာ နီးတောင်းနီးဖျာ
၁၂း၀၅ - ၆း၀၅	နိုင်ငံတကာအနုပညာရေးရာ
၁၂း၃၀ - ၆း၃၀	မီးဘေးအန္တရာယ်ကို အထိရောက်ဆုံးကာကွယ်နိုင်သည့် AFT မီးသတ်ပစ္စည်းကိရိယာ
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆း၅၅	Middlesbrough - Man:Utd	ESPN (Live)
၈း၂၄	Everton - Derby	Star Sports(Live)

FA Cup (Semi - final) ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၉း၂၅	Barnsley - Cardiff City	ESPN (Live)

အမှာစကား ပြောကြား

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန် ဘားအံမြို့ ဖွဲကပင်ခန်းမ၌ ကရင်ပြည်နယ်၊ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာများ၊လူမှုရေးအသင်းအဖွဲ့ဝင်များ၊မြို့မိမြို့ဖများအား အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

❑ **ရှေ့ဖုံးမှ**

သောက်သုံးရေ ရရှိရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှုအခြေအနေနှင့် အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းက ဖြည့်စွက်ရှင်းလင်းတင်ပြရာတွင် ကရင်ပြည်နယ်သည် တည်ငြိမ်အေးချမ်းမှုတစ်နေ့တခြားတိုးတက်ကောင်းမွန်လာသည်နှင့်အမျှ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ ဒေသခံများ၏ လူနေမှုအဆင့် တိုးမြှင့်ရေးအတွက်အဓိကလုပ်ငန်းဖြစ်သည့် စိုက်ပျိုးဧကတိုးချဲ့ခြင်း၊တစ်ဧကအထွက်နှုန်းတိုးမြှင့်ရေးများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် မွေးမြူရေးကဏ္ဍတွင်လည်းတိုးချဲ့ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ပညာရေးကဏ္ဍတွင်အခြေခံပညာကျောင်းများကို တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း၊ ယခုဆိုလျှင် နိုင်ငံတော်မှ အဆင့်မြင့်ပညာရပ်များကို ဖွင့်လှစ်သင်ကြားပေးခဲ့သဖြင့် ကွန်ပျူတာတက္ကသိုလ်မှ ပထမအကြိမ် ဘွဲ့အပ်နှင်းနိုင်ခဲ့သကဲ့သို့ နည်းပညာတက္ကသိုလ်မှလည်း မေလတွင် ဘွဲ့အပ်နှင်းနိုင်တော့မည် ဖြစ်ပါကြောင်း။

ဖြည့်စွက်ရှင်းလင်းတင်ပြ

ကျန်းမာရေးကဏ္ဍတွင်လည်း ဆေးရုံ၊ ဆေးပေးခန်းများ တိုးချဲ့ဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးနိုင်နေပြီဖြစ်ပါကြောင်း၊ အလားတူ ဆက်သွယ်ရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ပြန်ကြားရေးကဏ္ဍများတွင်လည်း တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ကျေးရွာချင်းဆက်လမ်းများ၊ ခရိုင်ချင်းဆက်လမ်းများလည်း ဆက်စပ်ပေးနိုင်ပြီဖြစ်ပါကြောင်း၊ ထို့အပြင် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါကြောင်းဖြင့် ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မိမိဦးဆောင်၍ နယ်မြေတာဝန်ခံနှင့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများပါဝင်သည့် အဖွဲ့သည် ကရင်ပြည်နယ်၏ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည့် ပံ့ပိုးဖြည့်ဆည်းမှုများ ဆောင်ရွက်ပေးရန်နှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံ၍ အသိပေးသင့်သည်များကို အသိပေးပြောကြားရန် လာရောက်ကြခြင်းဖြစ်ကြောင်း။

ကရင်ပြည်နယ်သည် ထိုင်းနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေပြီး နှစ်နိုင်ငံကုန်သွယ်မှုလမ်းကြောင်းပေါ်တွင် ရှိသည့်အတွက် စီးပွားရေးအရသော်လည်းကောင်း၊ နှစ်နိုင်ငံ ဆက်ဆံရေးအရသော်လည်းကောင်း အရေးပါသည့် ပြည်နယ်တစ်ခုဖြစ်ကြောင်း။

ကရင်ပြည်နယ်၏ အစွန်အဖျားဒေသ အနည်းငယ်တွင် လုံခြုံမှု အပြည့်အဝ မရှိသေးဘဲ လက်နက်ကိုင်ဆန့်ကျင်မှု ရှိနေဆဲဖြစ်ကြောင်း၊ အဆိုပါ ဆန့်ကျင်သည့် အဖွဲ့များအနေဖြင့် နယ်စပ်တွင်ခိုအောင်းပြီး အကြမ်းဖက်လုပ်ငန်းများ၊ မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးမှုများကို အလစ်အငိုက်တွင် လုပ်ဆောင်လျက်ရှိနေကြဆဲပင် ဖြစ်ကြောင်း။

ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အခြေခံကောင်းများ ဖြစ်ထွန်းရေးတို့သည် မရှိမဖြစ်လိုအပ်ချက်ဖြစ်ကြောင်း၊ ထို့ကြောင့် ကရင်ပြည်နယ်ကြီးတစ်ခုလုံး အပြည့်အဝ တည်ငြိမ်အေးချမ်းမှုများ ရရှိအောင် နိုင်ငံတော်အစိုးရနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

ထို့အပြင် ကရင်ပြည်နယ်သည် လယ်ကွင်း၊ တောတောင်၊ မြစ်၊ ချောင်း သဘာဝအခြေခံကောင်းများကို အခြေခံ၍စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ပြီး စီးပွားဖြစ်ထွန်းအောင်ဆောင်ရွက်နိုင်သည့် ပြည်နယ်တစ်ခုဖြစ်ကြောင်း၊ ယနေ့ ရရှိနေသည့် ဒေသဝမ်းစာ ဖူလုံမှုအဆင့်မှာပင် ရပ်တန့်မနေဘဲ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများဖြင့် စီးပွားရေးအဆင့်မြင့်တက်လာအောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုကြောင်း။

ယနေ့ ကမ္ဘာတွင် စားနပ်ရိက္ခာနှင့်စက်မှုကုန်ကြမ်းသီးနှံများ တစ်နေ့တခြား ပိုမိုလိုအပ်လျက်ရှိနေကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တစ်နိုင်တစ်ပိုင်မှ စီးပွားဖြစ်လုပ်ငန်းများအဆင့် ရောက်ရှိအောင် တိုးချဲ့ဆောင်ရွက်ရန် တိုက်တွန်းလိုကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့်လည်း ပြည်သူများ၏ လူမှုစီးပွားရေးအဆင့်အတန်း တိုးမြှင့်ရေးအတွက် လိုအပ်သည့် အခြေခံအဆောက်အအုံ များစွာကို တည်ထောင်ပေးထားပြီးဖြစ်၍ ပြည်သူများအပိုင်းက ဝီရိယစိုက်ပြီး ထိထိရောက်ရောက် အသုံးချသွားရန် မှာကြားလိုကြောင်း။

ထို့အပြင် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများ၏ ပညာရေးနှင့် ကျန်းမာရေး အဆင့်အတန်းများ တိုးမြှင့်နိုင်ရေးအတွက် လိုအပ်ချက်များစွာကို စီမံဖြည့်ဆည်းပေးထားပြီးဖြစ်၍ ဆိုင်ရာဆိုင်ရာ ဝန်ထမ်းများအနေဖြင့်လည်း ပြည်သူများ ပညာရည်မြင့်မားရေးနှင့် ကျန်းမာကြံ့ခိုင်သည့် နိုင်ငံသားများဖြစ်ရေး မျှော်မှန်းချက်များ ထိရောက်အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း။

မိမိတို့ တပ်မတော် အစိုးရအနေဖြင့် ၁၉၈၈ ခုနှစ်က ဖြစ်ပေါ်ခဲ့သည့် ဆူပူ အကြမ်းဖက်မှု မင်းမဲ့စရိုက်လုပ်ရပ်များကြောင့် ထိန်းမနိုင် သိမ်းမရဖြစ်ကာ နိုင်ငံတော်ပြိုကွဲသွားနိုင်သည့် အခြေအနေများကြောင့် နိုင်ငံ့တာဝန်ကို မလွှဲမရှောင်သာ ရယူခဲ့ရသည့် အချိန်မှစ၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ရပ်ရွာအေးချမ်းသာယာရေးတို့ကို အဓိကဆောင်ရွက်ခဲ့ကြောင်း၊ ထို့အပြင် မိမိတို့ တာဝန်ယူစဉ်ကာလတွင် အစစအရာရာ နောက်ကျနေခဲ့ရသည့် စီးပွားရေး၊ လူမှုရေးနှင့် နိုင်ငံဖွံ့ဖြိုး တိုးတက်ရေး အခြေခံကောင်းများ ရရှိအောင် တစိုက်မတ်မတ် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း။

အစစအရာရာ ပြောင်းလဲတိုးတက်

မိမိတို့၏ နိုင်ငံတော်နှင့် ပြည်သူများအပေါ်ထားရှိသည့် မွန်မြတ်သော စေတနာ လုပ်ဆောင်မှုကြောင့် ယနေ့ဆိုလျှင် နိုင်ငံတော်၏ အခြေအနေသည် မည်သည့်ခေတ်ကာလနှင့်မျှ မတူအောင် အစစအရာရာ ပြောင်းလဲတိုးတက်မှု ရှိနေသည်ကို တွေ့မြင်ကြရမည် ဖြစ်ကြောင်း။

ထို့အပြင် **ပြည်သူအများလိုလားချက်ဖြစ်သည့် ဒီမိုကရေစီနိုင်ငံတော် အသွင်ကူးပြောင်းရေးလုပ်ငန်းများကို အနှောင့်အယှက် အခက်အခဲများ ရှိနေသော်လည်း သွေဖည်ခြင်းမရှိဘဲ တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်ခဲ့သည့်အတွက် ယနေ့ဆိုလျှင် ဒီမိုကရေစီနိုင်ငံတော်သစ်အတွက် ကျောရိုးမဏ္ဍိုင်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပ၍ ပြည်သူများ၏ဆန္ဒနှင့်အညီ အတည်ပြုပြဋ္ဌာန်းရေး လုပ်ငန်းအဆင့်သို့ ခရီးပေါက်လာပြီဖြစ်ကြောင်း။**

အဆိုပါ ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းအဆင့် ရရှိအောင် အမျိုးသားညီလာခံ ကိုယ်စားလှယ်များက မဆုတ်မနစ်သောစိတ်ဆန္ဒဖြင့် အချိန်ယူ ညှိနှိုင်းချမှတ်ခဲ့သည့် အခြေခံမူများနှင့် အသေးစိတ် အခြေခံရမည့်မူများ အပေါ်အခြေပြုပြီး ဥပဒေပညာရှင်များက ရေးဆွဲထားခြင်းဖြစ်ကြောင်း။

အခြေခံဥပဒေမူကြမ်းမှာ လူတစ်ဦးတစ်ယောက်၊ ပါတီတစ်ဖွဲ့၊ အဖွဲ့အစည်းတစ်ခု၏ အကျိုးစီးပွားအတွက် မျှော်မှန်းရေးဆွဲထားခြင်း မဟုတ်ဘဲ နိုင်ငံတော်ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် တိုင်းရင်းသားအားလုံး၏ အခွင့်အလမ်းများ၊ ရပိုင်ခွင့် အကျိုးစီးပွားများကို ဖော်ဆောင်ပေးနိုင်ရန် ရေးဆွဲထားခြင်း ဖြစ်ကြောင်း။

ထို့ကြောင့် တိုင်းရင်းသား ပြည်သူအားလုံးကလည်း ဖွဲ့စည်းပုံ အခြေခံ ဥပဒေပေါ်ပေါက်ရေးသည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည် ဆိုသည့် ခံယူချက်ဖြင့် မည်သည့်အဖျက်အဆီး အနှောင့်အယှက်များကိုမျှ နားမယောင်မိစေဘဲ မိမိနိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဖြင့် ကျရာအခန်းမှ ပါဝင်ပူးပေါင်းကြရန် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ကရင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့၊ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့၊ဘားအံမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့၊ဘားအံမြို့နယ်ကြက်ခြေနီတပ်ဖွဲ့နှင့် မြို့နယ်အရန်မီးသတ်တပ်ဖွဲ့တို့အတွက် လက်ဆောင်ပစ္စည်းများကို သက်ဆိုင်ရာ တာဝန်ရှိသူတို့အား ပေးအပ်ပြီး တွေ့ဆုံပွဲကို ရပ်သိမ်းကာ တက်ရောက်လာကြသူများအား ရင်းရင်း နှီးနှီး နှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် အဖွဲ့ဝင်များ လိုက်ပါလျက် နံနက် ၁၁ နာရီခွဲတွင် (ခုတင်-၂၀၀)ဆံ့ ဘားအံပြည်သူ့ဆေးရုံသို့ သွားရောက်၍ ဆေးရုံပင်မဆောင်ရှေ့၌ ဆေးရုံအုပ်ကြီး ဒေါက်တာလှထွန်းနှင့် အထူးကုဆရာဝန်ကြီးများ၊ဆရာဝန်များ၊ သူနာပြုဆရာမများနှင့် ကျန်းမာရေးဝန်ထမ်းများအား တွေ့ဆုံ၍ နိုင်ငံတော်ဝန်ကြီးချုပ်က ဆရာဝန် ဆရာမများ၏ ယနေ့ကျန်းမာရေးစောင့်ရှောက်မှုတာဝန်သည် ဆေးကုသမှု တစ်ခုတည်းသာ မဟုတ်တော့ဘဲ ရောဂါကာကွယ်ရေး၊ ရှာဖွေရေး၊ ကုသရေးတာဝန်ပါ ဟန်ချက်ညီညီ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊နိုင်ငံတော်က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကျေးလက်ဒေသအထိ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်အောင် စီမံပေးထားပြီးဖြစ်၍ ဆရာဝန် ဆရာမများ အနေဖြင့်လည်း ကျေးလက်အထိ ကွင်းဆင်းပြီး ရောဂါဖြစ်ပွားမှု အကြောင်းရင်းများ သိရှိအောင်၊ ရောဂါမဖြစ်အောင် နေထိုင်တတ်သည့် အသိပညာ အလေ့အကျင့်များ ရရှိအောင် ပညာပေးလုပ်ငန်းများကိုပါ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဘားအံပြည်သူ့ဆေးရုံ ဆေးပဒေသာပင်အလှူငွေနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် လက်ဆောင်ပစ္စည်းများကို ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများအား ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဆေးရုံရှိ လူနာဆောင်များ၌ ဆေးဝါးကုသမှုခံယူနေကြသော လူနာများအား လိုက်လံကြည့်ရှု၍ အားပေးစကား ပြောကြားပြီး ဆေးဝါးနှင့် အာဟာရများကို ထောက်ပံ့ပေးအပ်သည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဘားအံတက္ကသိုလ်သို့ရောက်ရှိကြပြီး ဘားအံတက္ကသိုလ်ပင်မဆောင်၌ ပါမောက္ခချုပ် ဒေါက်တာဒေါ်မြမြအေးနှင့် ပါမောက္ခများ၊ ကထိကများနှင့် နည်းပြများ၊ ပညာရေးဝန်ထမ်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ နိုင်ငံတော်ဝန်ကြီးချုပ်က ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည်နှင့်အညီ ဆရာ ဆရာမများအပိုင်းက လေ့လာသင်ယူမှုများကို စဉ်ဆက်မပြတ်ဆောင်ရွက်ရင်း တပည့်များအား ပညာရည်မြင့်မားသူများအဖြစ် လေ့ကျင့်သင်ကြားပေးရေး၊ အကျင့် စာရိတ္တကောင်းမွန်သူများဖြစ်အောင် ကျောင်းစည်းကမ်း၊ ရပ်ရွာစည်းကမ်းများကို ငယ်စဉ်ကပင် လေးစားလိုက်နာတတ်သည့် အလေ့အကျင့်ကောင်းများ ရရှိပြီး နိုင်ငံစည်းကမ်းဥပဒေကို လေးစားလိုက်နာတတ်သူများဖြစ်အောင် လေ့ကျင့်သင်ကြားပေးကြရေး၊ ပြည်ထောင်စုကြီး အစဉ်ထာဝရ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ကိန်းအောင်းရှင်သန်အောင် သွန်သင်ညွှန်ပြရေးတို့ကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဘားအံတက္ကသိုလ် ပါမောက္ခချုပ်နှင့် ဆရာ ဆရာမများအား လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် နည်းပညာတက္ကသိုလ်(ဘားအံ)သို့သွားရောက်ပြီး ပင်မဆောင်ရှေ့၌ နည်းပညာတက္ကသိုလ်(ဘားအံ) ကျောင်းအုပ်ကြီး ဒေါက်တာထွန်းကျော်မြင့်၊ ကွန်ပျူတာတက္ကသိုလ်(ဘားအံ) ကျောင်းအုပ်ကြီး ဒေါက်တာဒေါ်သင်းသင်းထိုက်နှင့် တက္ကသိုလ်နှစ်ခုတို့မှ ဆရာ ဆရာမများအားတွေ့ဆုံကာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို တာဝန်ယူကြရမည့် အရည်အသွေးပြည့်ဝသည့် လူ့စွမ်းအား အရင်းအမြစ်များ စဉ်ဆက်မပြတ် ပေါ်ထွန်းရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးကြရန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်တို့မှ ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများအား လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် တပ်မတော် ရဟတ်ယာဉ်များဖြင့် ဘားအံမြို့မှ ထွက်ခွာကြရာ မွန်းလွဲပိုင်းတွင် ကော့ကရိတ်မြို့သို့ ရောက်ရှိကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ကော့ကရိတ်မြို့နယ်ခန်းမ၌ ကော့ကရိတ်ခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိ ရပ်ဖများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲတွင် ကော့ကရိတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ဝင်းက ကော့ကရိတ်ခရိုင်၏ တည်နေရာ၊ နယ်နိမိတ်၊ အကျယ်အဝန်း၊ မြေအသုံးချမှု၊ ၂၀၀၇-၂၀၀၈ ခုနှစ် စီမံကိန်းသီးနှံများ စိုက်ပျိုးနိုင်မှု၊ မိုးစပါး၊ နွေစပါးစိုက်ပျိုးပြီးစီးမှု၊ သီးနှံအထွက်နှုန်း၊ အခြားသီးနှံနှင့် စက်မှုကုန်ကြမ်းသီးနှံများ၊ စိုက်ပျိုးမှု၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ပြန်ကြားရေးနှင့် ဆက်သွယ်ရေးကဏ္ဍ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းပေးပြီးနောက် မိမိတို့ဒေသအတွင်း ဖြစ်ထွန်းရရှိပြီးဖြစ်သည့် ရေ၊ မြေ သဘာဝအခြေခံကောင်းများကို လက်တွေ့အကျိုးရှိရှိ အသုံးချကာ မိမိတို့လူနေမှုဘဝတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ရေး၊ ပညာရေးဝန်ထမ်းများအနေဖြင့် မိမိတို့၏တပည့်များကို အတတ်ပညာရပ်သာမက ကိုယ်ကျင့်သိက္ခာ ကောင်းမွန်သူများ၊ ကျောင်းစည်းကမ်း၊ အရပ်စည်းကမ်းများကို ငယ်စဉ်ကပင် လိုက်နာသည့် အလေ့အကျင့်များရရှိပြီး နိုင်ငံတော်၏ စည်းကမ်းဥပဒေ လေးစားလိုက်နာသူများဖြစ်အောင် ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်ရှင်သန် ကိန်းအောင်း နေစေရအောင် သွန်သင်ပြသရေး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေပေါ်ပေါက်ရေး အပါအဝင် ဒီမိုကရေစီနိုင်ငံတော် အသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်များတွင် ကျရာအခန်းမှ ပူးပေါင်းပါဝင်ကြရေးမှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် ကော့ကရိတ်ခရိုင်မှ လူမှုရေး အသင်းအဖွဲ့များအား လက်ဆောင် ပစ္စည်းများကို ပေးအပ်ပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကော့ကရိတ်မြို့ ပြည်သူ့ဆေးရုံတိုးချဲ့ဆောင် (ခုတင်-၁၀၀)သို့ ရောက်ရှိကြပြီး ဆေးရုံအုပ်ကြီး ဒေါက်တာခင်မောင်နှင့် ကျန်းမာရေးဝန်ထမ်းများအား နိုင်ငံတော်ဝန်ကြီးချုပ်က ဆရာဝန်၊ ဆရာမများအနေဖြင့် ကျန်းမာရေး အသိပညာပေးလုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ကျေးလက်နေ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိအောင် ထိထိရောက်ရောက်ဆောင်ရွက်ကြရေး မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဆေးရုံအတွက် ဆေးပဒေသာပင်အလှူငွေနှင့် ဆရာဝန်၊ ဆရာမ၊ ကျန်းမာရေးဝန်ထမ်းများအတွက် လက်ဆောင်ပစ္စည်းများကို ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများအား ပေးအပ်သည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်သည် အဖွဲ့ဝင်များနှင့်အတူ ကော့ကရိတ်မြို့မှ တပ်မတော်ရဟတ်ယာဉ်များဖြင့် မွန်ပြည်နယ် မော်လမြိုင်မြို့သို့ ရောက်ရှိကြပြီး ညအိပ်ရပ်နားသည်။ (သတင်းစဉ်)

☆ **ကျောဖုံးမှ**

တွေ့ဆုံပွဲ၌ ရှေးဦးစွာ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီအတွင်းရေးမှူး ဦးခင်မောင်ထွန်းက မွန်ပြည်နယ်၏ ဒေသဆိုင်ရာ အချက်အလက်များ၊ မိုးစပါး၊ နွေစပါး စိုက်ပျိုးမှု၊ အမယ်သစ်သီးနှံ၊ နှစ်ရှည်သီးနှံနှင့် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးမှုအခြေအနေ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ ဆောင်ရွက်မှုများ၊ ပြည်နယ်၏ လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းက ပြည်နယ်၏ ၂၀၀၇-၂၀၀၈ခုနှစ် အသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုအခြေအနေ၊ ပညာရေးနှင့်ကျန်းမာရေး ကဏ္ဍတိုးတက်ဆောင်ရွက်နိုင်မှု၊ တံတားများ ကောင်းမွန်စေရေး စီမံဆောင်ရွက်ထားရှိမှု၊ မြို့ရေပေးဝေရေးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မိမိနှင့်အဖွဲ့သည် ကရင်ပြည်နယ်နှင့် မွန်ပြည်နယ် ဖွံ့ဖြိုးတိုးတက်မှုများကို ပိုမိုမြှင့်တင်ပေးနိုင်မည့် အလားအလာများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ဖြည့်ဆည်းပေးရန် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း။

မိမိတို့နိုင်ငံမှာ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရစဉ်ကပင် လူမျိုးစွဲ၊ ဝါဒစွဲ၊ ဒေသစွဲများကြောင့် ပေါ်ပေါက်လာခဲ့သည့် လက်နက်ကိုင်ဆန့်ကျင်မှုများကြောင့် ဖွံ့ဖြိုးတိုးတက်မှုများစွာ နောက်ကျခဲ့ရကြောင်း။

နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးရေး အခြေခံကောင်းများ ဖြစ်ထွန်းနေမှသာလျှင် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ လူနေမှုအဆင့် တိုးမြှင့်ရေး လုပ်ငန်းများ အောင်မြင်ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်၍ မိမိတို့တာဝန်ယူစဉ်ကပင် နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုများ ရရှိဖြစ်ထွန်းအောင် ကြိုးပမ်းဆောင်ရွက်ခဲ့သဖြင့် ယနေ့ဆိုလျှင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အေးချမ်းတည်ငြိမ်မှုများ ရရှိဖြစ်ထွန်းနေသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

အကျိုးခံစားနိုင်မည်

မွန်ပြည်နယ် အနေဖြင့်လည်း တရားဥပဒေစိုးမိုးမှုနှင့် တည်ငြိမ်အေးချမ်းမှုကောင်းမွန်သည့် ပြည်နယ် တစ်ခုဖြစ်၍ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို မိမိတို့ ထိထိရောက်ရောက် ဆောင်ရွက်ပေးနိုင်ခဲ့သကဲ့သို့ ဒေသနေ ပြည်သူများအနေဖြင့် မိမိတို့၏ လူမှုစီးပွားဖွံ့ဖြိုးမှုအတွက် လုံခြုံအေးချမ်းစွာ ဆောင်ရွက်နိုင်နေကြပြီဖြစ်ကြောင်း၊ မိမိတို့ ဝီရိယစိုက်ထုတ်လျှင် စိုက်ထုတ်သမျှ အကျိုးခံစားနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံတော်၏ ဖြည့်ဆည်းပံ့ပိုးဆောင်ရွက်ပေးမှုများကို ဒေသခံတိုင်းရင်းသားများက အကျိုးရှိရှိ အသုံးချ၍ ကြိုးကြိုးစားစား လုပ်ကိုင်ကြရေး၊ ပြည်နယ်၏ ဒေသဝမ်းစာဖူလုံအောင်၊ စီးပွားရေးအရ တောင့်တင်းခိုင်မာအောင်၊ ပညာတတ်များ ပိုမိုတိုးပွားလာအောင်၊ ကျန်းမာကြံ့ခိုင်သူ များပြားလာအောင် ဘက်စုံကဏ္ဍစုံမှ အားထုတ်ကြိုးပမ်းကြရေး မှာကြားပြီးနောက် နိုင်ငံတော်ဝန်ကြီးချုပ်က လာမည့်မေလတွင် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲသည် လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက်အတွက်၊ တပ်မတော်အတွက်၊ ပါတီ တစ်ပါတီ၊ အသင်းအဖွဲ့ တစ်ခုခုအတွက် ကျင်းပသည့် ဆန္ဒခံယူပွဲ မဟုတ်ကြောင်း၊ ပြည်သူအများ လိုလားတောင့်တနေသည့် ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီး တည်ဆောက်ရေးအတွက် လိုအပ်သည့် အခြေခံဥပဒေ တစ်ရပ်ကို ပြည်သူများ၏ ဆန္ဒနှင့်အညီ အတည်ပြု ပြဋ္ဌာန်းနိုင်ရန် ကျင်းပမည့် ဆန္ဒခံယူပွဲဖြစ်ကြောင်း။

ထို့ကြောင့် ပြည်သူအားလုံးက ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် နိုင်ငံသားအားလုံး၏ တာဝန်အဖြစ် ခံယူလျက် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ကြရေး မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မွန်ပြည်နယ်မှ လူမှုရေးအသင်းအဖွဲ့များအား လက်ဆောင်ပစ္စည်းများကို ပေးအပ်ပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်ကာ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သံလွင်တံတား(မော်လမြိုင်) စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြပြီး ရှင်းလင်းဆောင်ရှုရပ်မှ သံလွင်တံတား (မော်လမြိုင်)ကို ကြည့်ရှုစစ်ဆေးသည်။

စစ်ဆေးပြုပြင်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က သံလွင်တံတား(မော်လမြိုင်) သည် ဒေသနေပြည်သူများ၏အကျိုး၊ နိုင်ငံတော်၏အကျိုး စီးပွားဖြစ်ထွန်းရေးအတွက် များစွာအထောက်အကူပြုနေသည့် တံတားကြီးဖြစ်၍ ရေရှည် တည်တံ့အောင် တံတားကြီး ကြံ့ခိုင်မှုလုပ်ငန်းများကို စဉ်ဆက်မပြတ် စစ်ဆေးပြုပြင်ကြရေး မှာကြားသည်။

အဆိုပါ သံလွင်တံတား (မော်လမြိုင်)ပေါ်မှ နေ့စဉ် မော်လမြိုင်-ရန်ကုန် ရထား၊ မော်လမြိုင်-နေပြည်တော် ရထား၊ ရေး-ရန်ကုန် ရထား ငါးစင်း အသွားအပြန်၊ မြင်းလှည်း၊ ဆိုင်ကယ် ၁၅၀၀ ခန့်၊ ၁၀ တန်မှ တန် ၂၀ အထိ ကုန်တင်ယာဉ်ကြီးများ အပါအဝင် ယာဉ်အကြီးအသေး အစီး ၈၀၀ ခန့်တို့ နေ့စဉ်ဖြတ်သန်းသွားလာလျက်ရှိကြောင်း သိရှိရသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် သံလွင်တံတား (မော်လမြိုင်)ပေါ်မှ ဖြတ်သန်းကြည့်ရှုစစ်ဆေးကြပြီး မော်လမြိုင်မြို့ ကမ်းနားလမ်းတစ်လျှောက် လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

မှာကြား

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ်သည် နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် မော်လမြိုင် အထွေထွေရောဂါကု ဆေးရုံကြီး (ခုတင်-၃၅၀) သို့ ရောက်ရှိပြီး ဆေးရုံဥပစာ၌ ဆေးရုံအုပ်ကြီး ဒေါက်တာဉာဏ်ဇော်နှင့် အထူးကု ဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုများနှင့် ကျန်းမာရေး ဝန်ထမ်းများအား ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို မြို့နေပြည်သူများနည်းတူ ကျေးလက်နေ ပြည်သူများပါ ရရှိခံစားနိုင်အောင် ကျယ်ကျယ်ပြန့်ပြန့် ထိထိရောက်ရောက်ကွင်းဆင်းဆောင်ရွက်ပေးကြရေး မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဆေးရုံအတွက် ဆေးပဒေသာပင် အလှူငွေများကို ဆေးရုံအုပ်ကြီးထံ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် မော်လမြိုင်ဘူတာရုံကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မော်လမြိုင်တက္ကသိုလ်သို့ ရောက်ရှိကြပြီး မော်လမြိုင်တက္ကသိုလ် ပင်မဆောင်၌ ပါမောက္ခချုပ် ဦးထွန်းသိန်းနှင့် ပါမောက္ခများ၊ ကထိကများနှင့် နည်းပြများအား တွေ့ဆုံ၍ နိုင်ငံတော်ဝန်ကြီးချုပ်က သင်ကြားစီမံကိန်းများကို မေးမြန်းပြီးနောက် မိမိတို့ တပည့်များအား နိုင်ငံတော်အတွက်အားထားရသော လူ့စွမ်းအားအရင်းအမြစ်များဖြစ်အောင်၊ အတတ်ပညာများတတ်အောင်၊ အကျင့်စာရိတ္တ ကောင်းမွန်ပြီး ကျောင်းစည်းကမ်း၊ ရပ်ရွာစည်းကမ်း၊ နိုင်ငံစည်းကမ်းဥပဒေတို့ကို လေးစားလိုက်နာတတ်အောင်၊ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်စေအောင် လေ့ကျင့်ပျိုးထောင် သင်ကြားပေးရန် မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် နည်းပညာတက္ကသိုလ် (မော်လမြိုင်)သို့ ရောက်ရှိပြီး နည်းပညာတက္ကသိုလ် ပင်မဆောင်ရှေ့၌ နည်းပညာတက္ကသိုလ် (မော်လမြိုင်) ကျောင်းအုပ်ကြီးဒေါက်တာရန်အောင်၊ ကွန်ပျူတာတက္ကသိုလ် (မော်လမြိုင်) ကျောင်းအုပ်ကြီး ဒေါက်တာနေခြည်လှဲ့လှဲ့သိန်းနှင့် တက္ကသိုလ်နှစ်ခုတို့မှ ဆရာ၊ ဆရာမများအား တွေ့ဆုံကာ ဆရာ ဆရာမများအနေဖြင့် ခေတ်မီပညာရပ်များကို ဆက်လက်ဆည်းပူးရင်း ပညာရည်ပြည့်ဝသည့် လူ့စွမ်းအား အရင်းအမြစ်များ စဉ်ဆက်မပြတ် ပေါ်ပေါက်လာအောင် လေ့ကျင့် သင်ကြားပေးရန် မှာကြားသည်။

ပေးအပ်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က တက္ကသိုလ် နှစ်ခုတို့မှ ကျောင်းအုပ်ကြီးများနှင့် ဆရာ၊ ဆရာမများအား လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မော်လမြိုင်မြို့မှ တပ်မတော်ရဟတ်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာလာကြရာ မွန်းလွဲပိုင်းတွင်ရန်ကုန်မြို့သို့ရောက်ရှိ ရပ်နားကြသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၆-၄-၂၀၀၈ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ ခါသကြန်အဆိုအကများ
- ၈း၀၀ ၅။ International News
- ၉း၀၀ ၆။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ ခါသကြန်အဆိုအကများ
- ၁၁း၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာ သတင်းစဉ်
- ၁၁း၄၀ ၄။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
- ၁၂း၀၅ ၅။ **မြန်မာရုပ်ရှင် 'ယောက်ဖ တော်ခါနီးရင် စဉ်းစားဖို့လိုတယ်' (ရန်အောင်၊ လွင်မိုး၊ ရာဇာနေဝင်း၊ ထွန်းအိန္ဒြာဗို၊ နန္ဒာလှိုင်) [ဒါရိုက်တာ-မောင်မျိုးမင်း (ရင်တွင်းဖြစ်)]**
- ၂း၁၅ ၆။ တေးဂီတအစီအစဉ်
- ၂း၃၀ ၇။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၂း၄၅ ၈။ International News
- ၃း၀၀ ၉။ **အစီအစဉ်ပြီး၏**

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ တေးဂီတအစီအစဉ်
- ၄း၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၄း၃၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (သင်္ချာ အထူးပြု) (သင်္ချာ)
- ၄း၄၅ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး တေးများ
- ၄း၅၅ ၆။ ခါသကြန်အဆိုအကများ
- ၅း၁၀ ၇။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၆း၀၀ ၈။ ညနေခင်းသတင်း
- ၆း၃၀ ၉။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၁၀။ **'ညှော်မယ်ဗျို့' (ခန့်စည်သူ၊ ငှက်ပျောကြော်၊ မိုးပြည့်ပြည့်မောင်၊ ဂွမ်းပုံ) (ဒါရိုက်တာ-ဖုန်းမြင့်အောင်)**
- ၆း၄၅ ၁၁။ မှုဟန်သွယ်သွယ်ဆိုကြမယ်
- ၇း၀၀ ၁၂။ **'ကောင်းခြင်းဝေဖြာ' (ထွန်းထွန်းနိုင်၊ရန်ပိုင်စိုး၊ ပိုင်ဇေရဲထွန်း၊ မင်းသူ၊ မြင့်မြင့်ခိုင်၊ ခင်မို့မို့အေး၊ ချစ်စနိုးဦး) (ဒါရိုက်တာ-ကိုအောင်မိုး၊ ပဲရစ်)**
- ၇း၁၅ ၁၃။ အောင်ရင်၏တေးများ
- ၇း၃၀ ၁၄။ ခါသကြန်အဆိုအကများ
- ၇း၄၅ ၁၅။ ထေရဝါဒဗုဒ္ဓသာသနာ တော်ထွန်းကား ပြန့်ပွားရေး ဆရာဒကာလက်တွဲညီစွာ ကြိုးပမ်းဆောင်ရွက်မှု (အပိုင်း-၃)
- ၈း၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ တေးဂီတအစီအစဉ်
- ၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ 'မာယာထောင်ချောက်' (အပိုင်း-၁၄)**
- ၂၁။ နောက်တစ်နေ့အစီအစဉ်
- ၂၂။ အစီအစဉ်ပြီး၏။

ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မန္တလေးမြို့တွင် ပြန်ကြားရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

အလေအလွင့်မရှိအောင် ထိန်းသိမ်းရေးနှင့် မီးဘေးကာကွယ်ရေး မှာကြား

နေပြည်တော် ဧပြီ ၅

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဧပြီ ၄ ရက်နှင့် ယနေ့တို့တွင် မန္တလေးမြို့ရှိ ကိုယ်ပွားသတင်းစာတိုက် (မန္တလေး)နှင့် အထက်မြန်မာပြည် အစိုးရပုံနှိပ်စက်ရုံတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဧပြီ ၄ ရက် ည ၈ နာရီခွဲတွင် သတင်းနှင့်စာနယ်ဇင်း လုပ်ငန်း၏ ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)သို့ရောက်ရှိရာ စာတည်းမှူး ဦးညွန့်ဇော်က လုပ်ငန်းများဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ကိုယ်ပွားသတင်းစာတိုက်အတွင်းကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး နံနက်ခင်း သတင်းစာများ အရည်အသွေးကောင်းကောင်းဖြင့် တတ်နိုင်သမျှ အချိန်စောစောထွက်ရှိရေး၊ ကုန်ကြမ်းများစံနှုန်းသတ်မှတ်၍ စနစ်တကျ အသုံးပြုကာ အလေအလွင့်မရှိအောင် ထိန်းသိမ်းရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေးတို့ကို မှာကြားသည်။

ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယနေ့ နံနက် ၈ နာရီတွင် မန္တလေးမြို့ရှိ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၏အထက်မြန်မာပြည် ပုံနှိပ်စက်ရုံသို့ ရောက်ရှိရာ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်းနှင့် စက်ရုံမှူး ဦးတိုးကျော်တို့က လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် ကျောင်းသုံးစာအုပ် ရိုက်နှိပ်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ကုန်ကြမ်းသိုလှောင်ရုံ၊ ကုန်ချောသိုလှောင်ရုံနှင့် လုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင်အတွင်း စက်ပစ္စည်းများနှင့် ကုန်ချောပစ္စည်း သိုလှောင်ရုံကို သီးခြားထားရှိဆောင်ရွက်ထားရန်၊ စက်ပစ္စည်းများ ကြံ့ခိုင်မှု ထိန်းသိမ်းရေးကို တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်ရန်၊ ကုန်ကြမ်းပစ္စည်းများကို စနစ်တကျ စံနှုန်းသတ်မှတ် အသုံးပြု၍ အလေအလွင့် မရှိအောင် ထိန်းသိမ်းစိစစ်ဆောင်ရွက်ရန်၊ ပုံနှိပ်ထုတ်လုပ်သည့် စာအုပ်၊ စာစောင်များ အမှားအယွင်းကင်း၍ သေသပ်စွာ ထွက်ရှိရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်က တာဝန်ယူဆောင်ရွက်ရန်၊ စက်ရုံ လုံခြုံရေးနှင့် မီးဘေးအန္တရာယ် ကြိုတင် ကာကွယ်ခြင်းများကို စီမံချက်များအတိုင်း ဇာတ်တိုက်လေ့ကျင့်ရန်နှင့် မီးသတ်ဆေးဘူးများ အလုံအလောက်ထားရှိရန်တို့ကို မှာကြားသည်။ (သတင်းစဉ်)



ကြည့်ရှုစစ်ဆေး

ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မန္တလေးမြို့ရှိကိုယ်ပွားသတင်းစာတိုက်(မန္တလေး)တွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

မီးသုံးစွဲလျှင် အသိယှဉ် အစဉ်သတိ အမြဲရှိ

မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာလေ့လာမှုသင်တန်းအမှတ်စဉ်(၁၄)နှင့် နိုင်ငံတကာဆက်ဆံရေးသင်တန်း အမှတ်စဉ်(၈) သင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၅

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သည့် မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ လေ့လာမှုသင်တန်းအမှတ်စဉ်(၁၄)နှင့် နိုင်ငံတကာ ဆက်ဆံရေးသင်တန်း အမှတ်စဉ်(၈) သင်တန်းဆင်းပွဲ အခမ်းအနားကို ဧပြီ ၄ ရက် နံနက် ၈ နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း သင်တန်းကျောင်း၏ ပြည်ထောင်စုခန်းမ၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးတက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေ အတွင်းရေးမှူး ဦးဌေးဦး မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ လေ့လာမှုသင်တန်း အမှတ်စဉ် (၁၄) နှင့် နိုင်ငံတကာ ဆက်ဆံရေး သင်တန်းအမှတ်စဉ်(၈) သင်တန်းဆင်းပွဲတွင် အမှာစကား ပြောကြားစဉ်။
(အပေါ်ပုံ) (သတင်းစဉ်)

သင်တန်းဆင်းပွဲ အခမ်းအနားတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက အမှာစကားပြောကြားရာ၌ နိုင်ငံတော်ကိုချစ်သည့် နိုင်ငံသားအားလုံး၏ တူညီသော ဆန္ဒသည် အမိပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ကမ္ဘာတည်သရွေ့ တည်တံ့စေရန်၊ ထာဝစဉ် ငြိမ်းချမ်းသာယာမှုရှိစေရန်၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် ဖြစ်ကြောင်း၊အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာစေရေးသည် နိုင်ငံသားအားလုံးတညီတညွတ်တည်းယုံကြည် လက်ခံထားကြသည့် အမျိုးသားရေး ရည်မှန်းချက်ပန်းတိုင် ဖြစ်ကြောင်း။

မျက်မှောက်ကာလသည် အမိ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး ကို ပြည်သူအားလုံး၏ ဆန္ဒအတိုင်း မွန်မြတ်မှန်ကန်သည့် အမျိုးသားရေး မူဝါဒ၊ပကတိအခြေအနေနှင့်ကိုက်ညီမှု ရှိပြီး လက်တွေ့ကျသော လုပ်ငန်းစဉ်များဖြင့်တစ်ဆင့်ပြီးတစ်ဆင့်အကောင် အထည်ဖော် ဆောင်ရွက်နေသည့် ကာလဖြစ်ကြောင်း။ ပြည်တွင်းက စစ်မှန်သည့် အားများဖြစ်ကြသည့် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူများလက်တွဲပြီးဝိုင်းဝန်းကြိုးပမ်း အကောင်အထည် ဖော်နေသည့် ကာလဖြစ်ကြောင်း၊ နိုင်ငံတော်သစ် ကြီး ထူထောင်အကောင်အထည် ဖော်ရာတွင် အခြေခံလို အပ်ချက်များ ဖြစ်ကြသည့် နိုင်ငံတော်တည်ငြိမ် အေးချမ်းရေး၊ နိုင်ငံတော်နှင့်နိုင်ငံသား များ၏ စီးပွားရေးဘဝ ခိုင်မာတောင့် တင်းရေး၊ အမျိုးသား ပညာရည် မြင့်မားရေးအတွက် စဉ်ဆက်မပြတ် ဆောင်ရွက်ရင်း ပြည်သူများလိုလား သော စနစ်သစ်၊ ခေတ်သစ်ကို ညင်သာစွာ ပြောင်းလဲတည်ဆောက် ပေးနေသည့် ကာလဖြစ်ကြောင်း၊ မိမိတို့အားလုံးသည် နိုင်ငံတော်၏ နေရာဒေသအနှံ့အပြား၌ နေထိုင်ကြသည့် ပြည်သူများထဲက ပြည်သူ များ ဖြစ်ကြကြောင်း၊ နိုင်ငံတော်၏ ပကတိ ဖြစ်ပေါ်တိုးတက်ပြောင်းလဲမှု အခြေအနေများကို ပြည်သူတွေနှင့် အတူသိမြင်နေကြသူများဖြစ်ကြောင်း၊ နိုင်ငံတော်သစ် တည်ဆောက်ရေး အတွက် မှန်ကန်သည့် လမ်းကြောင်း အတိုင်း နိုင်ငံတော်၊ တပ်မတော်နှင့် ပြည်သူတို့ ဝိုင်းဝန်း လက်တွဲကြိုးပမ်း ဆောင်ရွက်ခဲ့ကြသည့်အတွက် မည်သည့်ခေတ် မည်သည့်အခါကနှင့်မှ မတူသော တည်ငြိမ်အေးချမ်းမှု၊ နိုင်ငံတော်၏ ဒေသတိုင်း၌ ဘက်စုံ၊ ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်မှုများ ရရှိနေပြီ ဆိုသည်ကိုပြည်သူများနှင့်အတူထိတွေ့ ခံစားကြသူများ ဖြစ်ကြကြောင်း၊ လက်ရှိပြည်သူများ ခံစားနေကြရ သည့် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုး တိုးတက်မှုများကို လျော့နည်းဆုံးရှုံးမှု မရှိအောင် ထိန်းသိမ်းကာကွယ်ပြီး ပိုမို တိုးတက်အောင် ဆောင်ရွက်သွားကြ ရမည်ဖြစ်ကြောင်း၊ အနာဂတ်နိုင်ငံ တော်သစ်ကြီးအတွက် ထိုက်သင့်သည့် အခြေခံကောင်းများ ဖြစ်ထွန်းနေပြီ ဖြစ်ကြောင်း၊ မိမိတို့အားလုံးတွင် ကြည်လင်ပြတ်သားသည့် အနာဂတ် ရှိနေ ပြီဖြစ်ပါကြောင်း၊ ကြိုးပမ်း ဆောင်ရွက်မှုတိုင်းသည် အနာဂတ် နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာရေး အတွက် ဦးတည်ရေးရှုနေပြီ ဖြစ် ကြောင်း။

အနာဂတ် နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာစေရေးအတွက် နိုင်ငံ တော် ရှေ့ဆက်သွားမည့် မူဝါဒ လမ်းစဉ် (၇)ရပ်မှတစ်ပါး အခြား မရှိဟု မိမိတို့အားလုံး ယုံကြည်ထားပြီး ဖြစ်ကြောင်း၊ မူဝါဒလမ်းစဉ်(၇) ရပ် ၏ စတုတ္ထအဆင့်ဖြစ်သည့် ဖွဲ့စည်း ပုံ အခြေခံဥပဒေ(မူကြမ်း)ကို ၂၀၀၈ ခုနှစ်၊ မေလအတွင်း ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ကျင်းပပြီး အတည်ပြု ရေးနှင့်ပဉ္စမအဆင့်ဖြစ်သည့် ဖွဲ့စည်း ပုံအခြေခံဥပဒေသစ်နှင့်အညီ ၂၀၁၀ ပြည့်နှစ်တွင် ပါတီစုံအထွေထွေ ရွေး ကောက်ပွဲပြုလုပ်ပေးမည်ဖြစ်ကြောင်း ကိုလည်း တိကျပြတ်သားစွာ ထုတ်ပြန် အသိပေးခဲ့ပြီးဖြစ်ကြောင်း၊ ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ပေါ်ပေါက်ရေး သည်အနာဂတ်နိုင်ငံတော်သစ် တည် ဆောက်ရေးအတွက် အရေးပါသည့် လိုအပ်ချက် တစ်ခုဖြစ်ကြောင်း၊ တည်ဆဲ တပ်မတော် အစိုးရအနေ ဖြင့် နိုင်ငံတော်အာဏာကိုမူလပိုင်ရှင် အစစ်အမှန်ဖြစ်သည့် ပြည်သူများ ထံ ပြန်လည်အပ်နှံရေးအတွက် မွန်မြတ်သော လမ်းခင်းပေးမှု ဖြစ် ကြောင်း၊ ဖွဲ့စည်းပုံ အခြေခံဥပဒေ အတည်ပြုရေးသည် တစ်မျိုးသား လုံးနှင့် သက်ဆိုင်သည့် အရေးပါ သော လုပ်ငန်းစဉ်ကြီး ဖြစ်သည့် အတွက် ပြည်လုံးကျွတ် ဆန္ဒခံယူ ပွဲကြီး အောင်မြင်ရန် အသင်းဝင် အားလုံးက ပြည်သူတစ်ရပ်လုံးနှင့် လက်တွဲပြီး ဝိုင်းဝန်းဆောင်ရွက်သွား ကြရန်ကိုလည်း အလေးအနက် တိုက် တွန်း မှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် မှာကြားလို သည်မှာ-

- သင်တန်းက ဆွေးနွေးပို့ချမှု များအပေါ် မိမိတို့၏ အတွေ့ အကြုံနှင့် ပေါင်းစပ်ပြီး မိမိ တို့၏ နယ်မြေ၊ ပြည်သူများ၏ အကျိုး ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားကြပါ။
- နိုင်ငံတော်အတွင်း ပကတိဖြစ် ပေါ်တိုးတက်မှု အခြေအနေ များနှင့် အနာဂတ် နိုင်ငံတော် သစ်ကြီး ပေါ်ထွန်းလာစေရေး အတွက် ကြိုးပမ်းဆောင်ရွက်မှု အခြေအနေများကို ပြည်သူ များ သိရှိနားလည်ပြီး ဝိုင်းဝန်း ပါဝင် ဆောင်ရွက်လာအောင် ကြိုးပမ်းသွားကြပါ။
- အနာဂတ် နိုင်ငံတော်သစ်ကြီး ပုံဖော်တည်ဆောက်ရာတွင် မရှိ မဖြစ်လိုအပ်သည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ပေါ်ပေါက် ရေးအတွက် ၂၀၀၈ခုနှစ် မေလ တွင် ပြည်သူတစ်ရပ်လုံးနှင့် အတူအတည်ပြုနိုင်ရေးဝိုင်းဝန်း ဆောင်ရွက်သွားကြပါ။
- နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ပါအဆင့် တိုင်း အောင်မြင်ရေးအတွက် ပြည်သူတစ်ရပ်လုံးနှင့် လက်တွဲ ပူးပေါင်း အကောင်အထည် ဖော်ဆောင်ရွက်သွားကြပါ။
- နိုင်ငံတော်သစ် တည်ဆောက် ရေးအတွက် ဟန့်တား နှောင့် ယှက်သော အဖျက်လုပ်ရပ်မှန် သမျှကိုအသင်းကြီး၏ စည်းလုံး မှုအား၊ ပြည့်သူ့အားဖြင့် တွန်း လှန် ကာကွယ်သွားကြပါ။
- ကျရောက်လာသည့် တာဝန် ၏ အရေးပါမှုကို နားလည် သဘောပေါက်ပြီး နိုင်ငံတော် နှင့် ပြည်သူများအကျိုးအတွက် ထာဝစဉ် သယ်ပိုးဆောင်ရွက် နိုင်သည့် အမျိုးသားရေး အင်အားစုကြီးအဖြစ်ထာဝစဉ် ရပ်တည်နိုင်အောင်ကြိုးပမ်းသွား ကြပါ

ဟု ပြောကြားပြီး သင်တန်း ဆင်းပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။
(သတင်းစဉ်)

ဗုဒ္ဓဘာသာယဉ်ကျေးမှု ဆရာဖြစ်သင်တန်းဖွင့်

ရန်ကုန် ဧပြီ ၅

သန်လျင်မြို့ သိမ်ကျောင်း ပရိယတ္တိစာသင်တိုက် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တသုဝဏ္ဏ (ဓမ္မာစရိယ) ဦးစီး၍ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာကြီးတွင် ထေရဝါဒ ဗုဒ္ဓသာသနာပြန့်ပွားရေးအဖွဲ့ (နေပြည်တော်ပျဉ်းမနား)တို့ ပူးပေါင်း ဖွင့်လှစ်သော ဗုဒ္ဓဘာသာယဉ်ကျေးမှု ဆရာဖြစ် ဆင့်ပွားသင်တန်း အမှတ်စဉ် (၁/၂၀၀၈)ကို ဧပြီ ၁ ရက်မှ ၃ရက် အထိ ဖွင့်လှစ်ခဲ့ရာ အဆိုပါသင်တန်းသို့သန်လျင်မြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်း၊အလယ်တန်း၊မူလ တန်းကျောင်းများမှ ဆရာ၊ ဆရာမ ၁၅၀ တက်ရောက်ခဲ့ပြီး သင်တန်းတွင် ကျောင်းတိုက်ပဓာန နာယက ဆရာတော်နှင့် ဦးဝင်းစိန် နာယက သင်တန်းတာဝန်ခံ ထေရဝါဒ ဗုဒ္ဓသာသနာ ပြန့်ပွားရေးအဖွဲ့ မဟာလယ်တီစံကျောင်း (နေပြည်တော် ပျဉ်းမနား)တို့က ဟောပြောပို့ချခဲ့ကြောင်း သိရသည်။ (၅၂၇)

သန်လျင် ဖားအောက်တောရရိပ်သာ သင်္ကြန်တရားစခန်း

ရန်ကုန် ဧပြီ ၅

အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓသာသနာပြုရိပ်သာ (ဖားအောက်တောရရိပ်သာ-သန်လျင်)၏ သင်္ကြန် ၁၀ ရက် တရားစခန်းပွဲကို ဖားအောက်တောရ ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဆရာတော်ဘဒ္ဒန္တကုဏ္ဍဓာဘာသ (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ သိရီပဝရ ဓမ္မာစရိယနှင့် ကမ္မဋ္ဌာနာစရိယ) ဆရာတော်များက ဝိပဿနာအလုပ်ပေးတရားတော်များနှင့် ဆရာကြီး ဒေါက်တာမင်းတင်မွန် (ပါမောက္ခ-မဟာသဒ္ဓမ္မဇောတိကဓဇ)က အသုံးချအဘိဓမ္မာသင်တန်းနှင့် တရားရှုနည်းတို့ကို ဧပြီ ၁၁ရက်မှ ၂၀ရက်အထိ ဖွင့်လှစ်မည်ဖြစ်ရာ တရားစခန်းဝင်ရောက်လိုသူ ယောဂီများအနေဖြင့် ရိပ်သာ ဖုန်း-၀၅၆-၂၁၉၂၇ သို့ အချိန်မီ ဆက်သွယ်ဝင်ရောက်နိုင်ကြောင်းသိရသည်။ **(က-ပ)**

ကိုးဘွဲ့ရကျောင်းတိုက် သင်္ကြန်တရားစခန်းပွဲ

ရန်ကုန် ဧပြီ ၅

စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ်ကျောင်းတိုက်ကြီးမှ နိုင်ငံတော် ဘွဲ့တံဆိပ်တော် ကိုးဘွဲ့ရ ဓမ္မကထိကဆရာတော် အရှင်အာစာရာလင်္ကာရ ဦးဆောင်တည်ဆောက်လျက်ရှိသော မြောက်ဒဂုံ (၄၂)ရပ်ကွက် ကိုးဘွဲ့ရ သာသနာပြု ကျောင်းတိုက်ကြီးအတွင်း၌ မဟာသင်္ကြန် အထူးတရားစခန်းပွဲကို ဧပြီ ၁၂ ရက် (သင်္ကြန်အကြိုနေ့)မှ စတင်၍ ဧပြီ ၁၈ရက်အထိ ကျင်းပမည် ဖြစ်ရာ တရားစခန်းဝင် ယောဂီ ၄၅၀ အထိသာ လက်ခံမည်ဖြစ်ပြီး ဧပြီ ၆ ရက်မှစတင်၍ စာရင်းပေးသွင်းနိုင်ပြီဖြစ်ကြောင်း သိရသည်။

ယောဂီတစ်ပါးစာ ဆွမ်းစရိတ်အတွက် ငါးထောင်ကျပ်၊ အရုဏ်ဆွမ်း တစ်နပ်လျှင် ကျပ်သုံးသိန်း၊ နေ့ဆွမ်းတစ်နပ်လျှင် ကျပ်ငါးသိန်း၊ ညနေဖျော်ရည် တစ်ရက်လျှင် ကျပ်တစ်သိန်းနှုန်းများဖြင့် လှူဒါန်းနိုင်ပြီး တရားစခန်းဝင်ရောက် လိုသူများသည် ကိုးဘွဲ့ရဆရာတော် ဖုန်း-၀၉၂၁ ၃၀၈၉၅၊ ၀၉၅၀ ၅၅၈၃၈၊ ၀၉၅၀ ၅၅၁၇၆၊ ၀၉၉၉ ၇၀၄၈၆၊ ၀၁ ၇၀၈၄၀၃ တို့သို့ ကြိုတင်စာရင်းပေးသွင်း နိုင်ကြောင်း သိရသည်။ (က-ပ)

မဟာသင်္ကြန် နှစ်ဆန်းမဟာသတိပဋ္ဌာန် အထူးတရားစခန်းပွဲ

ရန်ကုန် ဧပြီ ၅

တောင်ငူမြို့ မြို့ကြီးလမ်း အမှတ် (၂၀) ဝိသုဒ္ဓါရုံ သိမ်ဦးပရိယတ္တိ စာသင်တိုက်အတွင်း၌ နှစ်စဉ်ကျင်းပမြဲဖြစ် သော မဟာသတိပဋ္ဌာန် အထူးတရား စခန်းပွဲကို ဧပြီ ၁၂ ရက်မှ ဧပြီ ၁၈ ရက်ထိ ကျင်းပမည်ဖြစ်၍ တရား အားထုတ်လိုသူ ယောဂီများ ဧပြီ ၁၁ ရက် ညနေ ကျောင်းသို့အရောက် လာ၍ တရားအားထုတ်နိုင်ကြောင်း နှင့် ဖုန်း-၀၅၄-၂၄၂၉၂၊ ၀၉ ၅၃၅ ၀၆၁၁ တို့သို့ ဆက်သွယ် စုံစမ်းနိုင် ကြောင်း သိရှိရသည်။ (က-ပ)

ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၅

ရန်ကုန်တောင်ပိုင်းခရိုင်၊ ဒလ မြို့နယ်၊ မြို့မ (၂) ရပ်ကွက်ရှိ ရတနာ မြိုင်လမ်း ကွန်ကရစ်လမ်းသစ် ဖွင့်ပွဲ ကို မတ် ၃၁ ရက် နံနက် ၇ နာရီက ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ရန်ကုန် မြို့တော် စည်ပင်သာယာရေးကော် မတီ ဒုတိယဥက္ကဋ္ဌ ၊ ဒုတိယ မြို့တော် ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဝင်းနှင့် အလှူရှင် ဦးလှသိန်း-ဒေါ်တင်မေ (မီယာမိုး)မိသားစုတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

ယင်းလမ်းသည် အရှည် ၅၂၅ ပေ အကျယ် ရှစ်ပေဖြစ်ပြီး ကွန်ကရစ် လမ်းထုခြောက်လက်မအတွက်ကုန်ကျ ငွေကျပ် ၆၁ သိန်းကျော်ကို ဦးလှ သိန်း-ဒေါ်တင်မေ မိသားစုက ထည့်ဝင် လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ (မြို့နယ်စာနယ်ဇင်း)

2nd RANBAXY JUNIOR TENNIS TOURNAMENT (U10,U12,U14,U16) လူငယ်တင်းနစ်ပြိုင်ပွဲများ ကျင်းပမည်

ရန်ကုန် ဧပြီ ၅

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်တို့ ကြီးမှူး၍ RANBAXY CO.,LTD ၏ ကူညီမှုဖြင့် ကျင်းပမည့် RANBAXY Junior Tennis Tournament ပြိုင်ပွဲကို ဧပြီ ၂၆ရက်မှ ၃၀ရက်အထိ သိမ်ဖြူတင်းနစ် အားကစားကွင်း၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲအမျိုးအစားများမှာ အသက်(၁၀)နှစ်အောက်၊ အသက်(၁၂)နှစ်အောက်၊ အသက် (၁၄) နှစ်အောက်၊ အသက်(၁၆)နှစ်အောက် ကျား/မ တစ်ဦးချင်းနှင့် နှစ်ယောက်တွဲပြိုင်ပွဲတို့ဖြစ်သည်။ နယ်မှ လာရောက်ယှဉ်ပြိုင်သူ များကို ခရီးစရိတ်ငွေကျပ် ၁၀၀၀၀ ထောက်ပံ့ပေးပြီးနေထိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်သည်။ ပြိုင်ပွဲပါဝင်ယှဉ်ပြိုင်လိုသူများသည် ဧပြီ ၂၅ရက် နံနက် ၁၀နာရီနောက်ဆုံးထား၍ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် ဖုန်း-၃၇၂၃၆၀သို့ ဆက်သွယ်စုံစမ်းစာရင်းပေးသွင်းရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌဖလား တံခွန်စိုက်လက်ဝှေ့ပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် ဧပြီ ၅

၂၀၀၈ ခုနှစ် ဆဋ္ဌမအကြိမ်မြောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား(ဂ)အဆင့်၊(ခ)အဆင့်နှင့်(က)အဆင့် တံခွန်စိုက် လက်ဝှေ့ပြိုင်ပွဲကို ဗိုလ်လုပွဲ ပွဲစဉ်များနှင့် ဆုချီးမြှင့်ပွဲကို ဧပြီ ၄ရက် ညနေ ၃နာရီမှစ၍ အောင်ဆန်းအားကစားပြိုင်ကွင်း မိုးလုံလေလုံအားကစားရုံ၌ ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့် တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများပေးအပ် ချီးမြှင့်သည်။

ဗိုလ်လုပွဲ ပွဲစဉ်များအဖြစ်(က)အဆင့် ပြိုင်ပွဲ (၉)ပွဲနှင့်(ခ)အဆင့် ပြိုင်ပွဲ(၃) ပွဲကျင်းပပြီးယင်းပွဲစဉ်များ၌ ဆုရရှိသူများအား အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်တို့မှတာဝန်ရှိပုဂ္ဂိုလ်များက အောင်နိုင်ဆုများ ပေးအပ်ချီးမြှင့်ကြသည်။ ဆက်လက်၍ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်က အကောင်းဆုံး အားကစားသမားဆုရရှိကြသော(ဂ)အဆင့်၌ထက်အောင် (အား/ကာသိပ္ပံ/ရန်ကုန်)၊ (ခ) အဆင့်၌ အေးကိုနိုင်(အား/ကာသိပ္ပံ ရန်ကုန်)နှင့် (က) အဆင့်၌ သန်းဇော်ထွေး (အား/ကာသိပ္ပံ-မန္တလေး) တို့အား ဆုတံဆိပ်နှင့် ငွေသားနှစ်သောင်းစီ ပေးအပ်ချီးမြှင့်သည်။ ယင်းနောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေ အတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က (ဂ) အဆင့်၌ ပထမဆုရရှိသော တပ်မတော် (လေ) အသင်း၊ (ခ)အဆင့်၌ပထမဆုရရှိသော ကာကွယ်ရေးအသင်းနှင့် (က)အဆင့်၌ ပထမဆုရရှိသော ကာကွယ်ရေး အသင်းတို့အား တံခွန်စိုက်ဆုဖလားများ ပေးအပ်ချီးမြှင့်သည်။

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်က စုပေါင်းပြိုင်ပွဲတွင် ပထမဆုရရှိသော ကာကွယ်ရေးအသင်းအား အိုလံပစ်ကော်မတီ ဥက္ကဋ္ဌဖလားကိုပေးအပ်ချီးမြှင့်သည်။

ပြိုင်ပွဲများအပြီးတွင် (ဂ)အဆင့်၌ တပ်မတော်(လေ)က ၁၈မှတ်၊ (ခ) အဆင့်၌ ကာကွယ်ရေးက ၂၀ မှတ်၊ (က)အဆင့်၌ ကာကွယ်ရေးက ၁၅ မှတ်၊ စုပေါင်းပြိုင်ပွဲ၌ ကာကွယ်ရေးက ၃၆ မှတ် ရရှိကာဗိုလ်စွဲခဲ့ခြင်း ဖြစ်သည်။ (ကြေးမုံ)

ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ ဆရာများမွမ်းမံသင်တန်း (၂၀၀၈)ဖွင့်လှစ်

ရန်ကုန် ဧပြီ ၅

ပညာရေးဝန်ကြီးဌာန၊ အမှတ် (၃) အခြေခံပညာဦးစီးဌာနက ကြီးမှူးကျင်းပသည့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ အလယ်တန်းနှင့် မူလတန်းသင် ဆရာများအတွက် သင်ကြားရေး မွမ်းမံသင်တန်းကို မတ် ၃၁ ရက် နံနက် ၈ နာရီက မင်္ဂလာဒုံမြို့နယ်၊ အမှတ်(၁)အခြေခံပညာ အထက် တန်းကျောင်း မြဇရာခန်းမ၌ ကျင်းပ သည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင်ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှု ဗဟိုကြီးကြပ်ရေးအဖွဲ့ အဖွဲ့ဝင် ရန်ကုန်တိုင်း ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော်ဩဝါဒါစရိယ၊ တောတိုက်ဓမ္မရိပ်သာကျောင်းတိုက်များ၏ဦးစီးပဓာနမဟာနာယက၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ဆရာတော် ဘဒ္ဒန္တဓမ္မသာရကဩဝါဒစကား မြွက်ကြားတော်မူပြီး သင်တန်းဆိုင်ရာအုပ်ချုပ်ရေးကိစ္စနှင့်စပ်လျဉ်း၍ မင်္ဂလာဒုံမြို့နယ် ပညာရေးမှူး ဒေါ်လှဲ့လှဲ့ဝင်းက အမှာစကား ပြောကြား သည်။ **(အပေါ်ဝဲပုံ)** (က-ပ)

မိဘဘိုးဘွားများအား ရည်စူး၍ ရန်ကုန်မြို့လသာမြို့နယ်၊၂၂လမ်းနေ ဦးမင်းအောင်-ဒေါ်ခင်သိန်း၊ သား ဒေါက်တာ စိုးအောင်-မိရွှေဝါနိုင်၊ ဗိုလ်မှူးစိုးအောင်-မိစိုးမြတ်မွန်၊သမီး ဒေါက်တာမင်းထွန်း၊ဒေါက်တာခင်သီတာအောင် မိသားစုက ဒဂုံမြို့နယ်၊ စကားဝါလမ်း၊မင်းကွန်းဆရာတော်ဘုရားကြီး၏တိပိဋကတိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက်အလှူငွေကျပ် ငါးသိန်းကို အနုနာယက ဆရာတော်ဘဒ္ဒန္တနန္ဒကထံရေစက်ချ အနုမောဒနာတရားနာယူပြီးတိ-နိ(ရန်ကုန်ဌာန)အုပ်ချုပ်ရေးမှူး(ဘဏ္ဍာ)ဦးသိန်းကျော်ထံပေးအပ်လှူဒါန်းစဉ်။(ကြေးမုံ)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက် မင်းကျောင်းလမ်းရှိ သစ္စာဒီပကဝိပဿနာအဖွဲ့ချုပ်ရိပ်သာ ဆောက်လုပ်ရန်အတွက် ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ်(ဆ/ခ)ရပ်ကွက် ရတနာမဥ္ဇူလမ်းနေဦးရန်မျိုးအောင်-ဒေါ်မြင့် မိသားစုက အလှူငွေ ကျပ် ၁၀၀၀၀၀ လှူဒါန်းရာ ဘဏ္ဍာရေးမှူး ဦးသန်းနှင့် အတွင်းရေးမှူး ဦးမြင့်သန်းတို့လက်ခံယူစဉ်။(က-ပ)

မိုးကုတ်ဝိပဿနာ တရားစခန်းပွဲကြီး

ရန်ကုန် ဧပြီ ၅

၁၃၆၉ခုနှစ် တန်ခူးလဆန်း ၄ရက်မှ ၁၀ရက်အထိ မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်းပွဲကြီးကိုကျေးဇူးရှင်မိုးကုတ်ဆရာတော်ကြီး၏ဥပနိဿယအတိုင်း ကြံခင်းမြို့ ဂုဏ်းထောက်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဦးစန္ဒောဘာသ သာသနဓဇ ဓမ္မာစရိယကဂိုဏ်းထောက်ကျောင်းတိုက် ဟောကြားမည်ဖြစ်ကြောင်း ရပ်ဝေးရပ်နီးရှိ ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား သိစေအပ်ပါသည်။ (က-ပ)

T-HOME မန္တလေးသကြ်န်မဏ္ဍပ်တွင် နာမည်ကျော်အဆိုတော်များဖျော်ဖြေကြမည်

ရန်ကုန် ဧပြီ ၅

TMW ကဖြန့်ချိနေသည့် Sony, LG နှင့် လောလောလတ်လတ် စတင်ဖြန့်ချိ ရောင်းချနေသည့် T-Home Electronic Product များကို ဝယ်ယူအားပေးကြသည့် ပရိသတ်များကို ပျော်ရွှင်နိုင်စေရန် မန္တလေးတွင် T-Home သကြ်န်မဏ္ဍပ်ကို စီစဉ်ထားသည်။ သကြ်န်မဏ္ဍပ်တည်ရှိမည့်နေရာမှာ မန္တလေးကျုံး အရှေ့ဘက်ခြမ်း (၆၆)လမ်း(၂၄ ×၂၅)လမ်းကြား အင်းဝဟိုတယ်နှင့် မျက်စောင်းထိုး၌ ဖြစ်သည်။

T-Home သကြ်န်မဏ္ဍပ်၌ ပင်တိုင်ဖျော်ဖြေကြမည့် အနုပညာရှင်များမှာ ချစ်ကောင်း၊ မျိုးကျော့မြိုင်၊ မာရဇ္ဇ၊ ဖိုးကာ၊ မိုးမိုး၊ IMP နှင့် Black hole အဖွဲ့၊ တင့်တင့်ထွန်း၊ ဆုန်သင်းပါရ်၊ ကြိုးကြာ၊ အိမ့်ချစ်၊ လုလုနှင့် ခေမီကိုတို့ဖြစ်ပြီး မြို့တော်ဝန်မဏ္ဍပ်မှ စင်ကူးပြီး လာရောက်ဖျော်ဖြေကြမည့်သူများမှာ ရင်ဂို၊ ဂရေဟမ်၊Lလွန်းဝါ၊ ချောစုခင်၊ ခင်ဘုဏ်း၊ ရွှေထိုက်၊ ရှင်ဖုန်း၊ ချစ်သုဝေ၊ စန္ဒီမြင့်လွင်နှင့် Jenny တို့ဖြစ်သည်။

တီးခတ်မည့်တီးဝိုင်းမှာ ကိုဥက္ကာဦးသာနှင့် သူငယ်ချင်းများ ဖြစ်ကြသော Bass ကျင်ခန်းဖုန်း၊ Drum စိုးသီဟနှင့် Guitar အောင်သူတို့ ဖြစ်ကာ သီဆိုမည့် အနုပညာရှင်အများစုသည် TMW လုပ်ငန်းခွဲတစ်ခုဖြစ်သော Excellent Creation ထေးထုတ်လုပ်ရေး၏လုပ်ဖော်ကိုင်ဖက်များဖြစ်သည်။ T-Home သကြ်န်မဏ္ဍပ်(မန္တလေး)ကို မည်သူမဆို လာရောက်ကြည့်ရှုအားပေးနိုင်ရန် ဖိတ်ခေါ်ထားသည်။

T-Home ပစ္စည်းများကို ဝယ်ယူလိုပါက ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်အမှတ်(၁၆၂/၁၆၄)ပန်းဆိုးတန်းလမ်း(လယ်)ဖုန်း-၂၅၄၅၆၁-၂၊မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် အမှတ် (၃၅၂) လမ်း(၃၀)နှင့် (၈၂)လမ်းကြား အရှေ့အောင်နန်းရိပ်သာနှင့်မုံရွာ၊မြစ်ကြီးနား၊မော်လမြိုင်၊ပြည်မြို့တို့ရှိ T-Home ဆိုင်များ၌ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံရပ်ရှင်အစည်းအရုံး ဘောလုံးအသင်းအတွက် အထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်း

ရန်ကုန် ဧပြီ ၅

ရုပ်ရှင် သရုပ်ဆောင် အနုပညာရှင်များဖြင့် ဖွဲ့စည်းထားသည့် ရုပ်ရှင်အစည်းအရုံး ဘောလုံးအသင်းအတွက် အားကစားအထောက်အကူပြုပစ္စည်းများ လှူဒါန်းပွဲကို မတ် ၃၁ ရက် ညနေ ၃နာရီကမြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၌ ကျင်းပသည်။

အဆိုပါ အားကစားအထောက်အကူပြုပစ္စည်းများ လှူဒါန်းပွဲတွင် MYANMARTOWARDS CO., LTDမှအားဖြည့်အချိုရည်(၂၄ဘူးဝင်၊ကတ်၂၀)၊ဦးကျော်နိုင်(လူမှုထူးချွန်တတိယဆင့်) (MD) KYAW NAING ASSOCIATES နှင့် JO JO(အသင့်စားသုံးနိုင်သော အသားခြောက်လုပ်ငန်း၊ မန္တလေး၏ ဖြန့်ဖြူးရေးကိုယ်စားလှယ်)မှ အဆင့်မြင့်ဘောလုံးကန်ဖိနပ် ၁၄ ရန်၊ ဦးဇော်ဝင်း (MD) JUST FASHION မှ အားကစားဝတ်စုံ ၂၆ စုံနှင့် ဦးဇော်မင်း (MD) ZAW MIN TRADING မှ ဘောလုံး ငါးလုံးနှင့် အဆင့်မြင့် SHIN GUARD နှင့် ခြေအိတ်အစုံ ၁၂စုံစီ စုစုပေါင်းတန်ဖိုးငွေကျပ်၆၈၀၀၀၀ရှိ ပစ္စည်းများကို လှူဒါန်းရာ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးမြင့်သိန်းဖေက လက်ခံပြီး ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် ဦးကျော်နိုင် (လူမှုထူးချွန်တတိယအဆင့်)(MD, KYAW NAING ASSOCIATES CO., LTD)က အလှူရှင်များ ကိုယ်စား လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဘောလုံးဆပ်ကော်မတီမှ ဥက္ကဋ္ဌ ဦးဝင်းကြည်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

(က-ပ)

JUST FASHION မှ မန်နေဂျင်းဒါရိုက်တာဦးဇော်ဝင်းက အားကစားဝတ်စုံများလှူဒါန်းရာ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးမြင့်သိန်းဖေ လက်ခံယူစဉ်။ (က-ပ)

နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲနှင့် စာဖတ်ဝိုင်းကျင်းပ

ရန်ကုန် ဧပြီ ၅

ပန်းဘဲတန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ အခမ်းအနားကို မတ် ၂၈ ရက်က ပန်းဘဲတန်းမြို့နယ်အမှတ်(၂)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးရှိ အလင်းရောင် စာကြည့်တိုက်၌ ကျင်းပရာ နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲကို မြို့နယ်ဦးစီးမှူး ဒေါ်မြသန်းနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးမြင့်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။

အခမ်းအနားတွင် မြို့နယ်ဦးစီးမှူးက အမျိုးသားရေးတာဝန် ခေါင်းစဉ်ဖြင့်ဟောပြောပြီးဆက်လက်၍စာဖတ်ဝိုင်းကျင်းပခဲ့သည်။(မြို့နယ်ပြန်ဆက်)

နိုင်ငံ့ဝန်ထမ်းဂျာနယ် အတွဲ(၅)၊ အမှတ်(၂) ထုတ်ဝေ

ရန်ကုန် ဧပြီ ၅

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့က နိုင်ငံ့ဝန်းထမ်းဂျာနယ် အတွဲ(၅) အမှတ်(၂)ကို ထုတ်ဝေလိုက်သည်။ နိုင်ငံ့ဝန်ထမ်းဂျာနယ်သည် ပညာရပ်ဆိုင်ရာ



ဂျာနယ် ဖြစ်ပြီး၊ တစ်နှစ်လျှင် နှစ်ကြိမ် ထုတ်ဝေခြင်းဖြစ်သည်။

ယင်းဂျာနယ်တွင် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးဦးအောင်ကြည်၏"မျှတသော ကမ္ဘာ့လွှမ်းခြုံဖြစ်ပေါ်မှုအတွက် မျှော်လင့်ချက်"၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသောဦးလှမြင့်ဦး၏"စိတ်စစ်ဆေးခြင်း"၊ ဦးဝင်းအောင်၏ "တစ်ဆယ့်လေးကြိမ်မြောက် အာဆီယံနိုင်ငံ့ဝန်ထမ်းများဆိုင်ရာ အစည်းအဝေး"၊ အကောက်ခွန်မှူး ဦးအုန်းမြင့်၏ "အကောက်ခွန် ဦးစီးဌာနနှင့် အကောက်ခွန် ဝန်ထမ်းများ"၊ မြန်မာ့မီးရထား အထွေထွေမန်နေဂျာ ဦးမောင်မောင်လွင်၏ "ရထားလုပ်ငန်းနောက်ခံသမိုင်းနှင့်ဖွဲ့စည်းဖြစ်ပေါ်မှုအဆင့်ဆင့်" စသည့်နိုင်ငံ့ဝန်ထမ်းများသိမှတ်ဖွယ်ရာနှင့် ပြည်သူများ ဖက်ရှုလေ့လာနိုင်ဖွယ်ရာ ဆောင်းပါးများ ဖော်ပြပါရှိပြီး ပုံမှန်ပါရှိနေကျဖြစ်သော ပြည်တွင်း၊ပြည်ပ နိုင်ငံ့ဝန်ထမ်းရေးရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဆောင်းပါးများ၊ အမှတ်တရပုံရိပ်ကဏ္ဍနှင့် အထွေထွေကဏ္ဍတို့ ဖော်ပြပါရှိကာ စုစုပေါင်း ၂၁၆ မျက်နှာ ပါရှိသည်။

အဆိုပါဂျာနယ်ကို နေပြည်တော်တွင် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ ရုံးအမှတ်(၁၇)နှင့် ဝင်းသူဇာအရောင်းဆိုင်များ၊ စာပေဗိမာန်အရောင်းဆိုင်၊ နေပြည်တော်ပျဉ်းမနားတွင်သရဖူစာပေ ဥယျာဉ်နှင့်သော်တာစန်းစာပေ၊ရန်ကုန်မြို့တွင် အင်းဝစာအုပ်တိုက် ဆူးလေဘုရားလမ်း၊စာပေဗိမာန်အရောင်းဆိုင် ကုန်သည်လမ်း၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအရောင်းဆိုင် သိမ်ဖြူလမ်းတို့တွင် တစ်အုပ်လျှင် ငွေကျပ် ၁၆၀၀ ဖြင့် ဝယ်ယူရရှိနိုင်ကြောင်းသိရသည်။ (သတင်းစဉ်)

ရှုခင်းသာ ဇေတဝန်ကျောင်း ခုနစ်ရက် တရားစခန်း

ရန်ကုန် ဧပြီ ၅

ရန်ကုန်တိုင်း သာကေတမြို့နယ် ရှုခင်းသာ ဇေတဝန်ကျောင်းတိုက်ကြီး၌ သင်္ကြန်တွင်း ခုနစ်ရက် တရားစခန်းပွဲကိုဇေတဝန်၏ ကျောင်းတိုက်ဆရာတော်ကြီးအား အမှူးထား၍ သယ်နိုင်းကျွန်း ကျိုက္ကစံလယ်တီဝိပဿနာကျောင်းတိုက်နာယကဆရာတော် ကမ္မဋ္ဌာနာစရိယဓမ္မာစရိယ ဘဒ္ဒန္တနိယမမှလယ်တီ ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဧပြီ ၁၁ရက်မှ၁၇ရက်အထိ တန်ခူးလဆန်း ၆ရက်မှ၁၂ရက်အထိ ခုနစ်ရက်တိုင်တိုင် တစ်နေ့လျှင် (၇)ကြိမ် တရားအားထုတ်စီးဖြန်းမှုများကို ဟောကြားပြသချီးမြှင့်သွားမည် ဖြစ်ရာ နေ့စဉ်နံနက် ၆ နာရီမှ ည ၇ နာရီအတွင်း တရားအားထုတ် လိုသူများလာရောက် တရားအားထုတ်နိုင်ကြောင်းနှင့် တရားစခန်းဝင် ယောဂီများအားအာဟာရဒါန လှူဒါန်းလိုသူများသည် ဆရာတော်ကြီးထံဆက်သွယ် စာရင်းပေးလှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

မဟာဆေးဝက်ပါ အာလိန်ငါးဆင့် ဗုဒ္ဓပူဇနီယပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၅

နှစ်စဉ် ကျင်းပမြဲဖြစ်သော ရန်ကုန်မြို့ အင်းစိန်မြို့နယ် နံ့သာကုန်းရပ်ကွက်ရှိ မဟာဆေးဝက်ပါ အာလိန်ငါးဆင့်ကျောင်းတိုက်ကြီးတွင်(၄၉)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲ၊ ရဟန်းခံ ရှင်ပြုပွဲ၊ သိက္ခာထပ်ပွဲနှင့် သင်္ကြီးဝါကြီး ပူဇော်ပွဲကို ဧပြီ ၉ရက်မှ ၁၈ရက်အထိ ၁၀ရက်တိုင်တိုင်ကျင်းပမည်ဖြစ်ရာမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တအဂ္ဂမမ္မ အမှူးပြုသော သံဃာတော်အပါး ၁၀၀ ကျော်တို့အား တစ်ပါးလျှင် သင်္ကန်းဒွိစုံနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

နှစ်(၅၀)ပြည့် ရွှေရတုမင်္ဂလာဆုမွန်

ဖေဖေဦးစိုးနိုင်(ကုန်သွယ်ရေး–၁၈/မြန်မာ့ကုန်တိုက်– ငြိမ်း) +

မေမေဒေါ်ခင်မြမူ(တပ်မတော်မှတ်တမ်းရုံး– ငြိမ်း)

အသက်တမျှ ချစ်ခင်လေးစားရသော ချစ်ဖေဖေနှင့်ချစ်မေမေတို့၏ (၆-၄-၂၀၀၈)နေ့တွင် ကျရောက်သည့် နှစ်(၅၀)ပြည့် ရွှေရတုမင်္ဂလာ ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာ မိသားစုနှင့်အတူ လောကီလောကုတ္တရာ အကျိုးများ ဆောင်ရွက်နိုင်ပါစေကြောင်းနှင့် နောင်ဘဝပေါင်းများစွာ ဆုံရပါစေကြောင်း ဆုတောင်းအပ်ပါသည်။

တစ်ဦးတည်းသောချစ်သမီး	-	**ခင်မြမြနိုင်(ဒု-အင်ဂျင်နီယာချုပ်/ ပြည်ပဆက်သွယ်ရေး)**
ချစ်သား	-	**တင့်ဇော်+နော်ခူးခူးထူး**
ချစ်မြေးလေး	-	**ကျော်ရဲနိုင်(ခ)စောခူဆဲထူး**

---

(၃၉)နှစ်မြောက်မင်္ဂလာဆုတောင်း

ချစ်ဖေဖေဦးကျော်တင့်အင်ဂျင်နီယာချုပ်(လမ်း)ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း (ငြိမ်း)နှင့်ဒေါ်သန်းသန်းအေး(အထပြ- ငြိမ်း)တို့၏ ၆. ၄. ၂၀၀၈ ရက်တွင် ကျရောက်သော မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာ ချစ်သောသားသမီးများ၊ မြေးများနှင့်အတူ ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာစွာဖြင့် သာသနာ့အကျိုးကို သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုတောင်းလျက်---

ချစ်သမီးကြီး	-	**ဗိုလ်မှူးသက်လွင်ထွန်း-ဒေါ်ယုမာကျော်**
ချစ်သားကြီး	-	**ကိုကျော်မျိုးသူ-ဒေါက်တာထက်ထက်ခင်**
ချစ်သားငယ်	-	**ကိုကျော်မင်းသူ-မမိမိဝင်း**
ချစ်မြေးများ	-	**ထူးထက်လွင်ထွန်း၊လင်းသစ်လွင်ထွန်း၊ ကြယ်စင်ထက်ထက်သူ**

City & Guilds (UK) London Institute မှ ချီးမြှင့်သော နိုင်ငံတကာ ရွှေတံဆိပ်ဆုရှင်များကို (၄) နှစ် ဆက်တိုက်ပေါ်ထွက်အောင် **TECH Training Centre** က သင်ကြားပေးနိုင်ခဲ့ပါပြီ။

Engineering Diploma သင်တန်းများကို မိမိစိတ်ကြိုက်ရွေးချယ် တက်ရောက်နိုင်ပါပြီ။

တန်းခွဲသစ်များစတင် နေပါပြီ။

Engineering Diploma

- Applied Mechatronic Engineering
- Applied Mechanical Engineering
- Applied Electrical Engineering
- Applied Electronic Engineering
- Civil Engineering
- Diploma in Electrical Installation
- Diploma in Air - Con: Refrigeration
- Diploma in Plumbing

အမှတ် (၄၀) ရန်ကုန် – အင်းစိန်လမ်းမကြီး၊ လှည်းတန်းစီးပွားရေး အနီး။ Ph-705702,539531,4413097

တိမ်အသင့်အတင့်

၆-၄-၂၀၀၈

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ သံလွင်လမ်းအမှတ်(135-J/3) နေ (ဝန်ထောက်ကြီးဟောင်း ဦးဆန်းညွှန့်)-ဒေါ်နန်းခမ်းဖုန် တို့၏ သားငယ်

မောင်စိုင်းသီဟ

B.A(History)

နှင့်

ရန်ကုန်မြို့၊သင်္ဃန်းကျွန်းမြို့နယ်၊အောင်ရတနာလမ်း၊အောင်ရတနာဥယျာဉ်အိမ်ရာ၊အမှတ်(S.5)နေ ဗိုလ်မှူးကြီးခင်မောင်မြင့် (တပ်မတော်-ရေငြိမ်း)-ဒေါ်ကြင်ဟုန် တို့၏ သမီး

မအိအိထွေး

B.Sc (Zoology)

Rothmans of Pall Mall Myanmar Pte Ltd.

တို့၏ ၁၀. ၃. ၂၀၀၈ ရက်တွင် မဟာသန္တိသုခဗုဒ္ဓသာသနာပြုကျောင်းတော်ကြီး၌ ကျင်းပသော မင်္ဂလာညှော်ခံပွဲ အခမ်းအနားတွင် မေတ္တာဖြင့် မင်္ဂလာလက်ဖွဲ့ ပေးပို့ချီးမြှင့်ပေးပါသော ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနဝန်ကြီး ဦးသောင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းနှင့်ဇနီး၊စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်ချုပ်ညဏ်ထွန်းနှင့်ဇနီး၊ ဧရာဝတီ ရေတပ်စခန်းဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းရှိန်နှင့်ဇနီး၊ ဗိုလ်မှူးချုပ်တင်အေး(ငြိမ်း)နှင့် ဇနီး၊ ဓညဝတီရေတပ်စခန်းဌာနချုပ်မှူး ဗိုလ်မှူးချုပ်မော်သိန်းနှင့်ဇနီး၊ ဗိုလ်မှူးချုပ်မောင်ဝင်း (ငြိမ်း)နှင့်ဇနီးတို့အားလည်းကောင်း၊မင်္ဂလာညှော်ခံပွဲသို့ ကိုယ်တိုင် တက်ရောက် ချီးမြှင့်ပေးပါသော ဒုတိယဗိုလ်ချုပ်ကြီး ထွန်းကြည်(ငြိမ်း)နှင့်ဇနီး၊ ဒုတိယဗိုလ်ချုပ်ကြီး သန်းညွှန့်(ငြိမ်း)နှင့်ဇနီး၊ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး(ငြိမ်း) နှင့်ဇနီး ၊ဒုတိယဗိုလ်ချုပ်ကြီးညွှန့်သိန်း(ငြိမ်း) နှင့်ဇနီး၊ ဒုတိယဗိုလ်ချုပ်ကြီး ကြည်မင်း(ငြိမ်း)နှင့်ဇနီး၊ ဗိုလ်မှူးချုပ်မောင်မောင်(လေ-ငြိမ်း)နှင့်ဇနီး၊ ဗိုလ်ချုပ်ပေါ်ထွန်းနှင့် ဇနီး၊ ဗိုလ်မှူးချုပ် ခင်စိုး(ငြိမ်း)နှင့်ဇနီး၊ ဗိုလ်မှူးချုပ် စိန်လွင်(ငြိမ်း)နှင့်ဇနီး၊ ဗိုလ်မှူးချုပ် မျိုးတင့်(ငြိမ်း)နှင့်ဇနီး၊ ဗိုလ်မှူးချုပ် သိန်းငွေ(ငြိမ်း)နှင့်ဇနီး၊ ဗိုလ်မှူးချုပ်မြတ်ဆွေ(ငြိမ်း)၊ ရေတပ်သင်္ဘောကျင်းဌာနချုပ် ဒုတိယဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဟန်စိန်တို့အားလည်းကောင်း၊ စစ်ဘက်နယ်ဘက်မှ အကြီးအကဲများ၊ ဂုဏ်သရေရှိ ပုဂ္ဂိုလ်များ၊ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲအတွက် အဘက်ဘက်မှ ကူညီပေးပါသော ပုဂ္ဂိုလ်များ၊ ညီအစ်ကိုမောင်နှမများ၊သူငယ်ချင်းများ၊ ကျေးဇူးတင်ထိုက်သူများ အားလုံးအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်

မောင်စိုင်းသီဟ-မအိအိထွေး

“အားလုံးအတွက် အမောပြေသွက်လက်ကျန်းမာစေမှာ Happy ဖျော်ရည်ပါ”

Happy ဖျော်ရည်သည် သဘာဝသကြားစစ်စစ်ကို အဓိကထား၍ ဖျော်စပ်ထားသော၊ ဘေးဥပဒ်ကင်း သန့်ရှင်းလတ်ဆတ်သော အချိုရည် ဖြစ်ပါသည်။

Happy ဖျော်ရည်ကို အဆင့်မြင့်နည်းပညာ လမ်းညွှန်ချက်များနှင့်အညီ ကျန်းမာရေးကို ဦးစားပေးအလေးထား၍ စီမံဆောင်ရွက်လျက်ရှိပါသည်။

Happy ဖျော်ရည်ကို အစဉ်ဓာတ်ခွဲစမ်းသပ်မှု ခံယူလျက်ရှိသောကြောင့် သောက်သုံးသူအများပြည်သူများ စိတ်ချယုံကြည်စွာ သုံးဆောင်နိုင်ပါသည်။

ဟက်ပီးရဲ့ Customers များမနစ်နာစေရန် တစ်နှစ်တာသက်တမ်း Date ကုန်ခြင်း၊ အရောင်လွင့်ခြင်း၊ဖျော်ရည်ပလတ်စတစ်ဘူးများပိန်လိမ်ခြင်းများကို ဟက်ပီးဖျော်ရည်လုပ်ငန်းစုမှအမြဲတစေ တာဝန်ယူပြေရှင်းပေးလျက်ရှိပါသည်။

တစ်ခဲနက် ဝယ်ယူအားပေးလျက်ရှိသော ရဟန်းရှင်လူ ပြည်သူအပေါင်းတို့အား ကျေးဇူးအထူးတင်ရှိပါကြောင်းနှင့် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစေရန် **Happy** ဖျော်ရည်မိသားစုမှ ဆုမွန်ကောင်းပို့သအပ်ပါသည်။

HAPPY MYANMAR MANUFACTURING CO., LTD.

Office : No. 197, Muse St., 23-Qtr., Industrial Zone (1), South Dagon Tsp., Yangon, Myanmar.

Tel : 01-591029, 591030, 591112, Fax : 095-1-591030E-mail : happymyanmar@baganmail.net.mm, happyintl@mptmail.net.mm

နိုင်ငံတော်၏ ပြည့်ဆည်းပံ့ပိုးဆောင်ရွက်ပေးမှုများကို ဒေသခံတိုင်းရင်းသားများက အကျိုးရှိရှိ အသုံးချ ဒေသဝမ်းစာဖူလုံအောင်၊ စီးပွားရေးတောင့်တင်းခိုင်မာအောင် ဘက်စုံကဏ္ဍစုံမှ အားထုတ်ကြိုးပမ်း
နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် မွန်ပြည်နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၅

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေး၊ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းနှင့် တပ်မတော်အရာရှိကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ပြည်နယ်ခန်းမ၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ရပ်ကွက်နှင့် ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။ **စာမျက်နှာ ၉ ကော်လံ ၃ သို့** ☆

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် သံလွင်တံတား (မော်လမြိုင်)ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)



ရည်မှန်းချက်တာဝန် (၉)ရပ်ဖြင့် ရှေ့သို့ချီတက်နေသော အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ နိုင်ငံတော်ဓာတ်အားပေးစနစ်(၂)

သတင်းဆောင်းပါး - ခရမ်းစိုးမြင့်
ဓာတ်ပုံ - အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

အီလက်ထရွန်နစ်ခေတ် လူနေမှုဘဝ၏ မရှိမဖြစ်အဆင့်သို့ ရောက်ရှိလာသည့် အခြေခံလိုအပ်ချက်သည် လျှပ်စစ်ဓာတ်အားပင်ဖြစ်သည်။ မြို့ကြီးပြကြီးများနှင့် ကျေးလက်တောရွာများကလည်း လိုချင်သည်။ စက်မှုဇုန်များကလည်း လိုချင်သည်။ တိုးတက်လျက်ရှိသော ခေတ်စနစ်အလှည့်အပြောင်းတွင် လူသားတို့၏ နေထိုင်မှုဘဝသည် ခုန်ကျော်ပြောင်းလဲလာလျက် ရှိနေကြသည်။ လျှပ်စစ်၏ အရသာကို အားလုံးသိရှိပြီး အားလုံး အချိန်တိုင်း တောင့်တနေကြပါသည်။

မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အားကွန်ရက်စနစ် ဖြစ်ပေါ်လာပုံ

မြန်မာနိုင်ငံ စီးပွားတိုးတက်ရေး နှစ်နှစ်စီမံကိန်း (ဆိုရှယ်လစ်ဗီလာစီမံကိန်း)အရ **စာမျက်နှာ ၆ ကော်လံ ၁ သို့** ✧